mgyoe.com



# ပထမတန်းစားလူ

မြင့်စိုးလှိုင်



mgyoe.com

vector image from vecteezy.com

ဒုတိယအကြိမ်

mgyoe.com



အတန်းပညာ၊ ရာထူးအဆင့်၊ လုပ်ကိုင်နေရတဲ့ တာဝန်နဲ့
လူတစ်ယောက်ရဲ့ အလားအလာကို ပိုင်းဖြတ်လို့ မရနိုင်ဘူး။
ဆယ်တန်းကျောင်းသားပေမယ့် တက္ကသိုလ်ဘွဲ့ရတစ်ယောက်ထက်
စာဖတ်အား ပိုကောင်းချင် ကောင်းနေမယ်။
အားကစားဘက်မှာ ထူးချွန်ချင် ထူးချွန်နေမယ်။
သာမန်စာရေးစာချီဆိုပေမယ့် နှိုင်းနှိုင်းချိန်ချိန် ရှိတာ၊
စေ့စပ်တာမှာ ရာထူးရာခံရှိပြီးသား လူတချို့ထက် ပိုချင်ပိုမယ်။
ဝန်ထမ်းငယ်ကလေးကလည်း ရောင်းရေးဝယ်တာကိစ္စ
စဉ်းစားတဲ့နေရာမှာ သူ့ထိုးထွင်းဉာဏ်အရ
မန်နေဂျာထက် ပိုပြီး လာဘ်မြင်ချင်မြင်မယ်။
ဒါတွေဟာ အလားအလာတွေပဲ။

လူတစ်ယောက်ကို သူ့ရှိရင်းစွဲအတိုင်းပဲ ဆက်ဆံမယ် ဆိုရင်
အဲဒီလူ ဒီ့ရင်းကနေ တိုးပြီးလာမှာ မဟုတ်ဘူး။
သူ ဘာဖြစ်နိုင်သလဲဆိုတာ
မှန်းပြီးဆက်ဆံကြည့်၊ သူ ဖြစ်စရာရှိတာ
အဲဒီလူ ဖြစ်ကို ဖြစ်လာလိမ့်မယ်။

ဂျင်မ်မီ ဂျွန်ဆ်ဆင်

ISBN9789997118417
MSH26
9 789997 118417
2,000.00KS

mgyoe.com

mgyoe.com

mgyoe.com

မိမိဘဝကို အကောင်းဆုံးဖြစ်အောင်
ကြိုးပမ်းတည်ဆောက်လိုသူများအတွက်
"လူတိုင်းမှာ အလားအလာရှိတယ်" ဟု ခေါင်းစဉ်ပေးလျက်
"ကမ္ဘာ့စီးပွားရေးဂျာနယ်" တွင် အပတ်စဉ်ရေးသားခဲ့သည့်
စိတ်ဓာတ်မြှင့်တင်ရေးစာများ။

*

ကမ္ဘာတစ်လွှား အောင်မြင်ထင်ရှားသူများ၏
အဆိုအမိန့်စကားများနှင့်
အဆိုပါ အဆိုအမိန့်များမှတစ်ဆင့်
လူ့လောကနယ်ပယ်သို့ စာရေးသူ၏
ထပ်ဆင့်ရည်ညွှန်းချက်များ။

*

mgyoe.com

mgyoe.com

စာမူမူပိုင် - စာရေးသူ
ယခုစာအုပ်ပြင်ဆင်တင်ဆက်ပုံမူပိုင် - အပါးတော်မြဲ
စာအုပ်တိုက်အမှတ်တံဆိပ် - အော်ပီကျယ်
မျက်နှာဖုံးဒီဇိုင်း - အမ်အက်စ်အို

ထုတ်ဝေခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြဲစာပေတိုက်(၀၂၂၉၃)၊
အမှတ်၇/၈၊ မြန်မာသီရိလက်ာရာမကျောင်းလမ်း၊ တာမွေ။
ပုံနှိပ်ခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြဲပုံနှိပ်တိုက်(၀၁၅၀၅)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ကံဘဲ့၊ ရန်ကင်း။

---

ပထမတန်းစားလူ၊ မြင့်စိုးလှိုင်

၁၄၈ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ဒုတိယနှိပ်ခြင်း၊ ၂၀၁၉၊ ဩဂုတ်လ၊ အုပ်ရေ ၁၀၀၀၊

၂၀၀၇ မြစ်မင်းရောစာပေ၏ ပထမအကြိမ်မူ

---

email: aptmph@gmail.com
www.facebook.com/အပါးတော်မြဲစာပေတိုက်
အမှတ် (၇/၈)၊ မြန်မာသီရိလက်ာရာမကျောင်းလမ်း၊ နတ်ချောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
၀၉ ၉၅၁၃၉၉၅၅၅၅၊ ၀၉ ၄၄၅၁၅၅၅၉

mgyoe.com

mgyoe.com

# ပထမတန်းစားလူ

မြင့်စိုးလှိုင်

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ၊ ဒုတိယနှိပ်ခြင်း။

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | လူတိုင်းမှာ အလားအလာ ရှိတယ် | ၁ |
| ၂။ | အခွင့်အလမ်းဆိုတဲ့ ပြတင်းတံခါး | ၇ |
| ၃။ | ပြင်းပြတဲ့ ဆန္ဒအင်အား | ၁၅ |
| ၄။ | ဆယ်ခါလုပ်လို့ ကိုးခါ မအောင်မြင်ဘူးလား | ၂၁ |
| ၅။ | မှောက်ခုံနဲ့ ပက်လက် | ၂၇ |
| ၆။ | ရွှံ့တုံးလား ဘောလုံးလား | ၃၅ |
| ၇။ | အလုပ်မဟုတ်တာကို အလုပ်လုပ်မနေပါနဲ့ | ၄၃ |
| ၈။ | ကိုယ်မလုပ်နိုင်ဘူးလို့ ထင်တဲ့ဟာကို လုပ်ဖြစ်အောင်သာ လုပ် | ၅၁ |
| ၉။ | ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိအောင်နေ | ၅၉ |
| ၁၀။ | အောင်မြင်မှုကို ဘာနဲ့တိုင်းမလဲ | ၆၇ |
| ၁၁။ | အောင်မြင်စပြုလာရင် ကြပ်ကြပ်သတိထား | ၇၅ |
| ၁၂။ | ပထမတန်းစားလူ | ၈၁ |
| ၁၃။ | ထိပ်ဆုံးမှာ နေရာလွတ် အမြဲရှိတယ် | ၈၉ |
| ၁၄။ | မသိမဖြစ် သိမှဖြစ်မယ့်အရာ | ၉၇ |
| ၁၅။ | ခြေတစ်လှမ်းနဲ့လည်း ကုဋေတစ်သန်းတန်နိုင်တယ် | ၁၀၅ |


mgyoe.com

mgyoe.com

၁၆။ အတက်ခရီးမှာ အထက်စီးက မနေမိပါစေနဲ့ ၁၁၃
၁၇။ လူချင်းတူပေမယ့် အသက်ရှုချင်း ကွဲရမယ် ၁၂၃
၁၈။ စိတ်ဆိုတာ ပြတ်မှကောင်းတယ် ၁၃၁
၁၉။ ဘဝမှာ ဘာကို တမ်းတမ်းစွဲ ဖြစ်ကြမလဲ ၁၃၉

■

mgyoe.com


mgyoe.com

## လူတိုင်းမှာ အလားအလာ ရှိတယ်

အတန်းပညာ၊ ရာထူးအဆင့်၊ လုပ်ကိုင်နေရတဲ့ တာဝန်နဲ့
လူတစ်ယောက်ရဲ့ အလားအလာကို ပိုင်းဖြတ်လို့ မရနိုင်ဘူး။
ဆယ်တန်းကျောင်းသားပေမယ့် တက္ကသိုလ်ဘွဲ့ရ
တစ်ယောက်ထက် စာဖတ်အား
ပိုကောင်းချင် ကောင်းနေမယ်။
အားကစားဘက်မှာ ထူးချွန်ချင် ထူးချွန်နေမယ်။
သာမန်စာရေးစာချီ ဆိုပေမယ့် နှိုင်းနှိုင်းချိန်ချိန် ရှိတာ၊
စေ့စပ်တာမှာ ရာထူးရာခံရှိပြီးသား လူတချို့ထက် ပိုချင်ပိုမယ်။
ဝန်ထမ်းငယ်ကလေးကလည်း ရောင်းရေးဝယ်တာကိစ္စ
စဉ်းစားတဲ့ နေရာမှာ သူ့ထိုးထွင်းဉာဏ်အရ
မန်နေဂျာထက် ပိုပြီး လာဘ်မြင်ချင် မြင်မယ်။
ဒါတွေဟာ အလားအလာတွေပဲ။

mgyoe.com

mgyoe.com



ဂျင်မီ ဂျွန်ဆင်

mgyoe.com

mgyoe.com

# လူတိုင်းမှာ အလားအလာ ရှိတယ်

*Treat a person as he is, and he will remain as he is. Treat him as he could be, and he will become as he should be.*

**Jimmy Johnson**

လူတစ်ယောက်ကို သူ့ရှိရင်းစွဲအတိုင်းပဲ ဆက်ဆံမယ် ဆိုရင် အဲဒီလူ ဒုံရင်းကနေ တိုးပြီးလာမှာ မဟုတ်ဘူး။ သူ ဘာဖြစ်နိုင်သလဲဆိုတာ မှန်းပြီးဆက်ဆံကြည့်၊ သူ ဖြစ်စရာရှိတာ အဲဒီလူ ဖြစ်ကို ဖြစ်လာလိမ့်မယ်။

**ဂျင်မီ ဂျွန်ဆင်**

လူတစ်ယောက်ကို လျှော့လည်း မတွက်နဲ့၊ ပိုလည်း မတွက်နဲ့၊ သူ့အရှိအတိုင်းသာ ဆက်ဆံနိုင်အောင် ကြိုးစားလို့ ပြောတတ်ကြတယ်။ ဟုတ်တော့လည်း ဟုတ်သား။ လူတစ်ဖက်သားကို လျှော့တွက်လိုက်ရင် သူနဲ့ ပတ်သက်လို့ ကိုယ့်ရဲ့ပြောဆိုဆက်ဆံပုံတွေဟာ နှိမ်ချင်သလိုပုံမျိုး ဖြစ်လာတတ်တယ်။ လျှော့တွက်လွန်းအားကြီးရင်လည်း "အလကားပါ၊ တစ်သက်လုံး လူမွဲလူတောင် ပြောင်မှာ မဟုတ်ဘူး" ဆိုတဲ့အထိ

mgyoe.com

mgyoe.com


သုံးနှုန်းပြီး မှီချိုးမှျစ်ချိုး ပြောမိတတ်တယ်။ အဲ… လူတစ်ယောက်ကို ပိုတွက်မိပြီ ဆိုပြန်တော့လည်း ကိုယ့်မျက်စိထဲမှာ အဲဒီပုဂ္ဂိုလ်ကို မိုးကျ ရွှေကိုယ်လောက် အောက်မေ့ပြီး သူ ပြောသမျှ၊ လုပ်သမျှ အပြစ်ဆိုစရာ မရှိအောင် ပြောင်မြောက်နေတတ်တယ်။

ဒီလိုနဲ့ တစ်နေ့နေ့မှာ လူမွေးလူတောင် ပြောင်မှာမဟုတ်ဘူးလို့ ထင်ထားတဲ့လူက ပြောင်လက်တောက်ပလာပြီး၊ မိုးကျရွှေကိုယ်က အဝီစိထိ ဖောက်ထိုးဆင်းချင်ဆင်းသွားနိုင်တယ်။ အဲဒီအခါမှာ သူတို့က အပေါင်းနဲ့အနုတ်လက္ခဏာအသီးသီး ဆောင်လာကြပေမယ့် ကိုယ်ကတော့ သူတို့နဲ့ ဆက်ဆံတဲ့နေရာမှာ ဘာတန်ဖိုးမှမရှိတဲ့ သုညဘဝကို နေရင်းထိုင်ရင်း ရောက်သွားတတ်တယ်။ နို့ ဘယ်သူနဲ့မှ ရှေ့လျှောက် ပတ်သက်လို့ မဖြစ်တော့ဘူးလေ။ ဒါကြောင့် လူတစ်ယောက်ညံ့ရင် ညံ့မှန်းသိသိ၊ တော်ရင် တော်မှန်းသိသိ၊ သူ့အရှိအတိုင်း ထိုက်သင့်ရုံ ဆက်ဆံတာဟာ သူ့ဘက်ကိုယ့်ဘက် ဘယ်ဘက်ကမှ မမှားအောင် မလွန်အောင် ထိန်းထိန်းသိမ်းသိမ်း လုပ်တဲ့သဘောလို့ ဆိုနိုင်ပါရဲ့။

ဒါပေမဲ့ အဲဒီဆက်ဆံရေးပုံစံကို သဘောမတူတဲ့အဆိုတစ်ခု ဂျင်မီ ဝ္ဂျန်ဆင်ဆိုတဲ့ ပုဂ္ဂိုလ်က ပြောခဲ့တယ်။

> "လူတစ်ယောက်ကို သူ့ရှိရင်းစွဲအတိုင်းပဲ ဆက်ဆံမယ်ဆိုရင် အဲဒီလူ ဒုံရင်းကနေ တိုးပြီးလာမှာ မဟုတ်ဘူး။ သူ ဘာဖြစ်နိုင်သလဲဆိုတာ မှန်းပြီးဆက်ဆံကြည့်၊ သူ ဖြစ်စရာရှိတာ အဲဒီလူ ဖြစ်ကို ဖြစ်လာလိမ့်မယ်" တဲ့။

ဒီစကားက စဉ်းစားဖို့ကောင်းတယ်။ စောစောက ပြောသလို အရှိအတိုင်းပဲ ဆက်ဆံကြမယ်ဆိုရင် မဖြစ်ဘူးလားဆိုတော့ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီဆက်ဆံရေးက အပြစ်ကင်းရုံ ဝတ်ကျေတမ်းကျေ

mgyoe.com

mgyoe.com


ဆက်ဆံရေးမျိုးပဲဖြစ်မယ်။ နွေးထွေးလှိုက်လှဲတဲ့ ဆက်ဆံရေး၊ လူတစ်ယောက် ကြီးပွား တိုးတက်ပါစေ၊ အလားအလာကောင်းတွေ ဖြစ်ထွန်း ပေါ်ပေါက်ပါစေ ဆိုပြီး ထောက်ကူအားပေးတဲ့ ဆက်ဆံရေးမျိုးတော့ မဖြစ်နိုင်ဘူး။

တကယ်ဆို လူတစ်ယောက်ရဲ့ ဖြစ်နိုင်ခြေရှိတဲ့ အလားအလာကို ထည့်တွက်ဖို့လိုတယ်။ ကိုယ့်ရှုထောင့်က ကိုယ် သတ်မှတ်ထားတဲ့ စံနဲ့ သူ့လက်ရှိအနေအထားကို ချိန်ကိုက်ကြည့်နေတာမျိုး မဟုတ်ဘဲ သူ့ရှုထောင့် သူ့အနေအထားအရ သူ ဘယ်ဘက်မှာ အားသန်သလဲ၊ ဘာဖြစ်နိုင်သလဲဆိုတာ မျှော်မှန်းကြည့်၊ မြင်ကြည့်နိုင်ရမယ်။

ဥပမာအဖြစ် ပြောရရင် လူတစ်ယောက်ဟာ ဆယ်တန်းကျောင်းသား ဖြစ်ချင်ဖြစ်မယ်။ ကုမ္ပဏီရဲ့အငယ်တန်းဝန်ထမ်း ဖြစ်ချင်ဖြစ်မယ်။ သူ့လက်ရှိအနေအထားက ဘာမှုကြီးကြီးကျယ်ကျယ် မဟုတ်သေးဘူး။ ဒါပေမဲ့ အတန်းပညာ၊ ရာထူးအဆင့်၊ လုပ်ကိုင်နေရတဲ့ တာဝန်နဲ့ လူတစ်ယောက်ရဲ့အလားအလာကို ပိုင်းဖြတ်လို့မရနိုင်ဘူး။ ဆယ်တန်းကျောင်းသားပေမယ့် တက္ကသိုလ်က ဘွဲ့ရတစ်ယောက်ထက် စာဖတ်အားပိုကောင်းချင် ကောင်းနေမယ်။ အားကစားဘက်မှာ ထူးချွန်ချင် ထူးချွန်နေမယ်။ သာမန် စာရေးစာချီဆိုပေမယ့် နှိုင်းနှိုင်းချိန်ချိန် ရှိတာ၊ စေ့စပ်တာမှာ ရာထူးရာခံရှိပြီးသား လူတချို့ထက် ပိုချင်ပိုမယ်။ ဝန်ထမ်းငယ်ကလေးကလည်း ရောင်းရေးဝယ်တာကိုစွ စဉ်းစားတဲ့နေရာမှာ သူ့ထိုးထွင်းဉာဏ်အရ မန်နေဂျာထက် ပိုပြီး လာဘ်မြင်ချင် မြင်မယ်။ ဒါတွေဟာ အလားအလာတွေပဲ။ ဒါပေမဲ့ အဲဒီအလားအလာတွေက သူ့အလိုလို ပြိုးပြက်တောက်ပပြီး စိတ်ထင်တိုင်း ပေါ်လာနေမှာ မဟုတ်ဘူး။ တစ်နေ့ သူ ဘာဖြစ်လာနိုင်သလဲဆိုတာကို မျှော်မှန်းပြီး ကိုယ်က သူ့ကို အခွင့်အရေးပေးဆက်ဆံမှ တွေ့လာ မြင်လာရမှာ။

mgyoe.com

mgyoe.com


မြင်တဲ့အခါ ထိုက်သင့်သလို သူ့ကို နေရာထားပြီး ဆက်ဆံကြည့်။ သူ ဖြစ်စရာရှိတာ ဖြစ်ကို ဖြစ်လာလိမ့်မယ်လို့ ဂျင်မီဂျွန်ဆင်က ရဲရဲ အာမခံခဲ့တယ်။ ဒီနေရာမှာ တစ်ချက်လောက် ဖြည့်ပြောချင်တယ်။ လူ တစ်ယောက်ရဲ့ အလားအလာအပေါ် ချင့်တွက်နိုင်စွမ်းဆိုတာ၊ အလား အလာတစ်ခုနဲ့ ပတ်သက်လာရင် သူ ပြခွင့်ရှိတာက 'နည်းနည်း'၊ ကိုယ် မြင်တာက 'များများ' ဖြစ်ဖို့လိုတယ် ဆိုတာပါပဲ။

ကိုယ့်ဘက်က အမြင်ကျယ်ရမယ်။ သဘောထားကြီးရမယ်။ လူ တစ်ဖက်သားကို တိုးတက်စေချင်စိတ် ရှိရမယ်။ ဒါမှ အလားအလာ ကို မြင်မှာ။ မြင်ရင် အခွင့်သင့်တဲ့အခါ သူ့ကို ဖော်ထုတ်ခွင့်ပေးလိုက် ပါ။ ဒီနည်းနဲ့ ကိုယ်စွမ်းကိုယ်စ ပြခွင့်ရလို့ အောင်မြင်သွားမယ်ဆိုရင် သူရောကိုယ်ပါ မှတ်သားသင့်တဲ့ စကားတစ်ခွန်း ရှိတယ်။ ပေါလ် ဒပ်ဖီ ဆိုသူ ပြောခဲ့တဲ့စကား။

*A truly great person is the one who gives you a chance.*

"ကိုယ့်ကို အလှည့်သင့် အခွင့်သာအောင် လမ်းဖွင့်ပေးတဲ့ လူသာလျှင် လောကမှာ တကယ့်ကြီးမြတ်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်" တဲ့။

ဒီတော့ သူ့ကြောင့် ကိုယ့်မှာ အခွင့်အလမ်း ပွင့်သွားတဲ့အခါ သူ့ ကျေးဇူးကို တစ်သက်လုံးမမေ့နဲ့။ ကိုယ်ကိုယ်တိုင်ကလည်း လူတစ် ဖက်သားအပေါ် ကျေးဇူးရှိအောင် အခွင့်အလမ်း ရှာပေးဖို့သာ အာရုံ စိုက်။ ဆက်ဆံပုံကောင်းရင် တုံ့ပြန်အားလည်း ကောင်းမှာပဲ။

တကယ်ဆို လူတိုင်းလူတိုင်း အလားအလာ ကိုယ်စီနဲ့ မွေးဖွား လာကြတာပါ။

■

mgyoe.com


mgyoe.com

အခွင့်အလမ်းဆိုတဲ့ ပြတင်းတံခါး

လူတစ်ယောက်ရဲ့ အလားအလာဆိုတာ
အခွင့်အလမ်း ဖွင့်ပေးတဲ့လူ၊ ကူညီအားပေးတဲ့လူ
ဘယ်လောက်ပဲရှိရှိ ကိုယ်တိုင်က ကိုယ့်ဘဝကိုယ်
ပြောင်းမြောက်အောင် တည်ဆောက်ယူမှ ဖြစ်တယ်။

mgyoe.com

mgyoe.com




ဒေ့ဗ် ဝိန်းဘောမ်

mgyoe.com

mgyoe.com

# အခွင့်အလမ်းဆိုတဲ့ ပြတင်းတံခါး

*A window of opportunity won't open itself.*

**Dave Weinbaum**

အခွင့်အလမ်းဆိုတဲ့ ပြတင်းတံခါးဟာ သူ့အလိုလို ပွင့်လာမှာ မဟုတ်ဘူး။

**ဒေ့ဗ် ဝိန်းဘောမ်**

လူတိုင်းလူတိုင်း အလားအလာကိုယ်စီနဲ့ မွေးဖွားလာကြတယ်ဆိုပေမယ့် အဲဒီအလားအလာကို အကောင်အထည်ပေါ်အောင်လုပ်ဖို့၊ ဘဝမှာ ပုံပန်းကျအောင်ဖော်ထုတ်ဖို့က လိုသေးတယ်။ အလားအလာတော့ ရှိပါရဲ့။ လူက ဝီရိယစိုက်ပြီး မကြိုးစားဘဲ ဟိုလိုလို ဒီလိုလို လုပ်နေမယ်၊ လုပ်စရာရှိတာကို ချက်ချင်းလက်ငင်း မလုပ်ဘဲ နေ့ရွှေ့ ညရွှေ့ အီလေးဆွဲနေမယ်၊ တော်ရုံသင့်ရုံဖြစ်လည်း ပြီးတာပါပဲဆိုတဲ့ ဆင်ခြေနဲ့ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်နေမယ်ဆိုရင် ဖြစ်သင့်ဖြစ်ထိုက်တာ ဖြစ်လာမှာ မဟုတ်ဘူး။

တချို့ကျတော့ လုံ့လဝီရိယရှိတယ်။ ကြိုးစားတယ်။ ဒါပေမဲ့ ကိုယ်ဖြစ်နိုင်တဲ့ အလားအလာနဲ့ ကိုယ်လုပ်ကိုင်နေတဲ့ အလုပ်က အဆက်

mgyoe.com

mgyoe.com


အစပ်မရှိဘဲ လမ်းကြောင်းလွဲနေတတ်တယ်။ လွဲနေတာကို လွဲမှန်းသိပြီး အချိန်မီ ကူးပြောင်းလုပ်ကိုင်နိုင်ရင် တော်ရဲ့။ လွဲလို့ လွဲမှန်းမသိဘဲ ရောက်ရာနေရာမှာ ပုံသေကျောက်ချနေမယ်ဆိုရင်တော့ မဟုတ်ဘူး။ ဒီနည်းနဲ့ ကိုယ့်အလားအလာတွေ တဖြည်းဖြည်း ကြုံလှီ ညှိုးဖျော့ပြီး အညွန့်မလူနိုင်တော့တဲ့ဘဝ ရောက်သွားတတ်တယ်။

ဒီတော့ လူတစ်ယောက်ရဲ့ အလားအလာဆိုတာ အခွင့်အလမ်း ဖွင့်ပေးတဲ့လူ၊ ကူညီအားပေးတဲ့လူ ဘယ်လောက်ပဲရှိရှိ ကိုယ်တိုင်က ကိုယ့်ဘဝကိုယ် ပြောင်းမြောက်အောင် တည်ဆောက်ယူမှ ဖြစ်တယ်။ ဥစ္စာရင်လို ဥစ္စာရင်ခဲဆိုတဲ့ စကားအတိုင်းပဲ၊ ဥစ္စာရှင် ဖြစ်ချင်စိတ်ရှိရင် အဲဒီဥစ္စာရှင် ဖြစ်ချင်သူကိုယ်တိုင်က အားခဲပြီး အကြိတ်အနယ် လုပ်ရလိမ့်မယ်။

လုပ်ပုံကိုင်ပုံနဲ့ ပတ်သက်လို့ နည်းနာလိုချင်တယ်ဆိုရင် စံနမူနာယူလောက်တဲ့ လူတွေအကြောင်း လေ့လာမှတ်သားဖို့ လိုတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ ထိတွေ့ဆက်ဆံနေရတဲ့သူတွေထဲကဖြစ်ဖြစ်၊ စာထဲပေထဲကနေပဲဖြစ်ဖြစ် လေ့လာမယ်ဆို လေ့လာယူလို့ ရပါတယ်။ စာထဲပေထဲကဆိုလို့ ရီးဒါးစ်ဒိုင်ဂျက်မဂ္ဂဇင်း၊ ပုဂ္ဂိုလ်ရေးအတွေးအမြင်ခန်းမှာ ဖတ်လိုက်ရတဲ့ ပုဂ္ဂိုလ်တစ်ယောက်အကြောင်း ပြောပြချင်တယ်။

သူ့အကြောင်းကို "ဘော့စ် ဖြစ်လာတဲ့ မိန်းမ"လို့ ခေါင်းစဉ်ပေးပြီး ကုမုဒြာဂျာနယ်မှာ အရင်တုန်းက ဘာသာပြန် ထည့်ပေးလိုက်သေးတယ်။ ကိုယ့်ဘဝတက်လမ်း၊ ကိုယ့်အလားအလာကို အခိုင်အမာ တည်ဆောက်ယူတဲ့နေရာမှာ ယောကျ်ားသားတွေနဲ့အပြိုင် နင်လားငါလား ကြိုးစားလုပ်ကိုင်ခဲ့တဲ့ အမျိုးသမီးတစ်ယောက်အကြောင်းဖြစ်တဲ့အတွက် မှတ်သားသင့်တယ်ထင်လို့ ပြန်ပြောတာပါ။

သူကတော့ အမေရိကန်နိုင်ငံက ထိပ်တန်းကွန်ပျူတာကုမ္ပဏီ

mgyoe.com

mgyoe.com





ကြီးတစ်ခုဖြစ်တဲ့ ဟူးလက်ပက်ကတ် ကုမ္ပဏီမှာ လောလောဆယ် အမှုဆောင် အရာရှိချုပ် ဖြစ်လာတဲ့ ကာလီဖီယိုရီနာ ဆိုသူ အမျိုးသမီးပဲ။ သူ့အသက်က ခုမှ ၄၅ နှစ်ပဲ ရှိသေးတယ်။ အင်မတန် လုပ်ငန်းကြီးတဲ့ ကုမ္ပဏီတစ်ခုမှာ အမှု ဆောင်အရာရှိချုပ် (သူတို့အခေါ် စီအီးအို) ဖြစ်ဖို့ဆိုတာ တော်ရုံလူ မဖြစ် နိုင်ဘူး။ ဒီရာထူးမျိုးမှာက ယောကျ်ား တွေသာ ဖြစ်လေ့ရှိပြီး အသက်အရွယ်၊ အတွေ့အကြုံ၊ လုပ်ရည်ကိုင်ရည် အများ ကြီးလိုတယ်။ အသက်ငယ်ငယ်၊ အတွေ့အကြုံ သိပ်မကြွယ်ဝဘဲနဲ့ ကုမ္ပဏီပိုင်ရှင်(ဥက္ကဋ္ဌ)လုပ်သူရဲ့ သားသမီးဖြစ်လို့ မိသားစု ရှယ်ယာတွေ အမြောက်အမြား ပိုင်ဆိုင်ထားလို့ နေရာကောင်းရတယ်ဆိုရင်လည်း ဒါရိုက်တာအဖွဲ့ဘက်မှာပဲ ရနိုင်တယ်။ လုပ်ငန်းပိုင်းဘက်မှာ စီအီးအို ဖြစ်ဖို့ဆိုတာက တကယ့်အရည်အချင်းနဲ့ ဝါရင့် သမ္ဘာရင့် ပုဂ္ဂိုလ်မျိုးမှ ဖြစ်တာ။

ခု ဟူးလက်ပက်ကတ် ကုမ္ပဏီရဲ့ထိပ်တန်းနေရာ ရောက်လာသူကို ကြည့်လိုက်တော့ အသက်က ၄၅ နှစ်၊ ပြီးတော့ ယောကျ်ားရင့်မာကြီး မဟုတ်တဲ့ မိန်းမသားတစ်ယောက်။ ဘယ်ပုံဘယ်နည်းနဲ့ သူ ဒီနေရာ ရောက်လာသလဲ။

သူ့ဘဝကောက်ကြောင်းကို အကျဉ်းချုပ် ပြန်ကြည့်ရင် သူ့အဖေ က ဥပဒေပညာပါမောက္ခ၊ အမေက ပန်းချီဆရာမ၊ အဖေလုပ်သူက ဥပဒေပါမောက္ခပီပီ တိတိပပရှိမှ ကြိုက်တာ။ သားသမီးသုံးယောက်

mgyoe.com

mgyoe.com


ကို စိတ်ထဲရှိတာ ရှိတဲ့အတိုင်း ထုတ်ပြောတတ်အောင် အမြဲသွန်သင်တယ်။ အလုပ်တစ်ခုကို အလေးအနက်ထားတတ်အောင် လမ်းညွှန်တယ်။ ကိုယ်တိုင်လည်းကျင့်သုံးတယ်။ အမေ ပန်းချီဆရာမက အနုပညာသမားဆိုတော့ သူ့သမီးကို အကောင်းမြင်တတ်တဲ့ စိတ်ဓာတ်ခွန်အားရှိအောင် သင်ပြပေးခဲ့တယ်။ ဒီအဖေနဲ့ ဒီအမေဟာ ဖီယိုရီနာအတွက်တော့ အရင်တစ်ခါ ညွှန်ခဲ့ဖူးတဲ့ ပေါလ်ဒပ်ဖီရဲ့ စကားနဲ့ပြောရရင် သူ့ဘဝမှာ အလှည့်သင့် အခွင့်သာအောင် လမ်းဖွင့်ပေးခဲ့တဲ့ တကယ့်အကြီးမြတ်ဆုံးပုဂ္ဂိုလ်တွေလို့ ဆိုရမှာပဲ။ ကိုယ့်သား၊ ကိုယ့်သမီးရဲ့ အလားအလာကို တကယ်တမ်း ထူထောင်ပေးတယ်ဆိုတာ ဒီလိုမိဘမျိုးကို ခေါ်တာ။

ဒါကြောင့်မို့လည်း ဖီယိုရီနာက သူ့အောင်မြင်မှုသော့ချက်အကြောင်းကိုပြောတော့ မိဘတွေ သွန်သင်မှုကြောင့် ကျင့်သုံးတတ်လာတဲ့ "သူ့ရဲ့ အနှောင်အဖွဲ့ကင်းတဲ့ လွတ်လပ်ခြင်းပါပဲ" လို့ ဆိုခဲ့တယ်။ ဟုတ်တယ်။ အလားအလာရှိဖို့၊ တိုးတက်ဖို့ဆိုတာက အချုပ်အချယ်အနှောင်အဖွဲ့ကင်းမှ ဖြစ်တယ်။ လောင်းရိပ်အောက် ရောက်နေတဲ့ သစ်ပင်ဟာ မထွားကျိုင်း၊ မစည်ပင်နိုင်သလို အချုပ်အချယ်များတဲ့ စိုးရိမ်စိတ်လွန်ကဲတဲ့ မိဘတွေရဲ့ လက်အောက်မှာ ကြီးပြင်းလာတဲ့ ကလေးတွေဆိုရင်လည်း လူတော်သူတော် သိပ်တိုးဝံ့ကြတာ မဟုတ်ဘူး။

ဖီယိုရီနာ့အကြောင်း ဆက်ရရင် သူလည်း လူထဲက လူတစ်ယောက်ပဲ။ အများသူငါလို စိတ်ကူးယဉ်တတ်တယ်။ ဒါကြောင့် သူ့ကိုယ်သူ စန္ဒရားဆရာမ ဖြစ်အောင်လုပ်မယ်လို့ စိတ်ကူးကြည့်ဖူးတယ်။ ဖြစ်မလာဘူး။ မိဘအစဉ်အလာအတိုင်း၊ ဥပဒေပညာဆည်းပူးဖို့ ကြိုးစားခဲ့ပေမယ့် ပညာတစ်ပိုင်းတစ်စနဲ့ တက္ကသိုလ်ကနေ ထွက်ရတယ်။ ဘာပဲဖြစ်ဖြစ် ကြီးကြီးမားမား စွန့်လွှတ်ရတော့ ဘဝအတွက် ပြတ်ပြတ်

mgyoe.com

mgyoe.com


သားသား ဆုံးဖြတ်ချက်ချဖို့ ပိုပြီး လိုအပ်လာတယ်။

သူ့အသက် ၂၅ နှစ်ရောက်တော့ အေတီအင်တီလို အထင်ကရ ကုမ္ပဏီကြီးမှာ အလုပ်စဝင်တယ်။ အေးအေးဆေးဆေးနေရတဲ့ ပင်မရုံး လုပ်ငန်းဘက်မှာ ရတယ်။ အလုပ်လုပ်ရတာ လူသက်သာပေမယ့် လွတ်လွတ်လပ်လပ် တက်တက်ကြွကြွ လုပ်ချင်စိတ်ရှိတဲ့ သူ့ အတွက် တော့ စိတ်ထဲက ဂနာမငြိမ်နိုင်ဘူး။ သူ ဖြစ်နေပုံက ကမ္ဘာကျော် ဒုက္ခိတ စာရေးဆရာမကြီး ဟယ်လင်ကဲလား ပြောခဲ့တဲ့ စကားတစ်ခွန်းနဲ့ သွား တိုက်ဆိုင်နေတယ်လို့ ဆိုရမယ်။

*"One can never consent to creep when one feels an impulse to soar."*

"မိုးပေါ် ပျံချင်နေတဲ့လူက လေးဘက်တွားနေရမှာကို လက်မခံနိုင်ဘူး" တဲ့။

ဒီတော့ သူက စဉ်းစားတယ်။ "အတွေးတွေများနေရင် ဘဝလမ်း ကြောင်း ပျောက်လိမ့်မယ်"ဆိုပြီး ခြေလှမ်းသစ် ပြင်လှမ်းဖို့ ဆုံးဖြတ် ချက် ချလိုက်တယ်။ ဒီလိုနဲ့ ဘယ်မိန်းမမှ သွားပြီး အမှုမထမ်းချင်တဲ့ ပစ္စည်းထုတ်လုပ် တပ်ဆင်ရေး ဌာနခွဲဘက်ကို သူ အလုပ်ပြောင်းတယ်။ အဲဒီဌာနခွဲက ယောကျ်ားတွေချည်းပဲ။ ဌာနဖွဲ့စည်းပုံက သပွတ်အူ။ မန်နေဂျာတွေက မာရေကျောရေနဲ့ ထိပ်တိုက်တွေ့ရင် သေမယ့်သာပြင် ဆိုတဲ့ ပုံစံမျိုးတွေ။

ဒါပေမဲ့ ဖီယိုရီနာကလည်း မိန်းမ ဆိုပေမယ့် ပျော့ညံ့ညံ့ အစားထဲ ကမှ မဟုတ်တာ။ သတ္တိကောင်းတယ်။ အလုပ်ကို အလေးအနက် ထားတယ်။ စိတ်ဝင်စားတယ်။ သင်လွယ်တတ်လွယ်တယ်။ ကိုယ့်

mgyoe.com

mgyoe.com


ကိုယ်ကိုယ် ယုံကြည်စိတ်ချမှု ရှိတယ်။ ကမ္ဘာပတ်ပြီး နိုင်ငံတကာကို ခါးစောင်းတင်ပြရဦးမလား၊ ပြနိုင်တယ်။ သူ စွမ်းစွမ်းတမံ ဆောင်ရွက်ကြိုးပမ်းခဲ့လို့ ကိုရီးယား၊ ဂျပန်၊ တရုတ်တိုင်ပေနဲ့ ပူးပေါင်းပြီး ဖက်စပ်လုပ်ငန်းတွေ လုပ်နိုင်ခဲ့တယ်။ ဘာကြောလို့လဲ။ သူ့အသက် ၃၅ နှစ်မှာ အဲဒီဌာနခွဲရဲ့ ပထမဦးဆုံး အမျိုးသမီးအရာရှိ ဖြစ်လာတယ်။

သူ ဒီဌာနကို ပြောင်းလာတာနဲ့ ပတ်သက်လို့ "ကျွန်မ ဒီဘက်ကို ပြောင်းလိုက်တာဟာ နင်လားငါလား၊ စိန်ခေါ်အားစမ်းတယ်ဆိုတာ ဒီမှာမှ ရှိလို့ပါ။ ယောက်ျားတွေချည်း မင်းမူနေတဲ့နေရာ၊ ကျွန်မ လုပ်ကိုင်ဖူးတဲ့ အတွေ့အကြုံနဲ့ ဘာတစ်ခုမှ မပတ်သက်တဲ့နေရာ" ဖြစ်တဲ့အကြောင်း ပြောပြတယ်။ ပြီးတော့ အလုပ်လုပ်တာနဲ့ ပတ်သက်လို့လည်း သူ့သဘောထားက ရှင်းတယ်။ လုပ်ငန်းလုပ်တဲ့နေရာမှာ သူတို့က ယောက်ျား၊ ငါကတော့ မိန်းမသားပဲလို့ ဘယ်တော့မှ မတွေးပါနဲ့တဲ့။ သူ့သဘောပြောရရင်တော့ ယောက်ျားတွေက ဒီအလုပ် လုပ်ရမယ်၊ မိန်းမတွေက ဟိုအလုပ်လုပ်ရမယ်ဆိုပြီး ခွဲခြားစဉ်းစားတာမျိုး ဘယ်တုန်းကမှ သူ့မှာ မရှိခဲ့ဘူးတဲ့။

ဒါလောက်ဆို အတော်အသင့် လေ့လာလို့ ရလောက်ပါပြီ။ လေ့လာမိသလောက် လူတစ်ယောက်ရဲ့ စကားတစ်ခွန်း ဖြစ်ရပ်တစ်ခုက အစ၊ ကိုယ်ပိုင်ဉာဏ် ကိုယ်ပိုင်အသိနဲ့ ထိုးထွင်းပြီး သဘောပေါက်အောင် အားထုတ်ရမှာ၊ ပြီးတော့ ကိုယ့်ဘဝကိုယ်ခရီးနှင်တဲ့အခါ ဘယ်ခြေ ဘယ်လိုလှမ်းသင့်တယ်ဆိုတာ ချင့်ချိန်ပိုင်းဖြတ်ရမှာကတော့ အလားအလာရှိတဲ့ လူတိုင်းရဲ့ တာဝန်ပဲပေါ့။

■

mgyoe.com

mgyoe.com

## ပြင်းပြတဲ့ ဆန္ဒအင်အား

စစ်မှန်တဲ့ဆုံးဖြတ်ချက်ဆိုတာ ကိုယ်လုပ်မယ်လို့
အခိုင်အမာ သန္နိဋ္ဌာန်ချထားတာကလွဲရင်
တခြား ဖြစ်နိုင်ခြေရှိတဲ့ဟာ ဘာကိုမဆို
သံယောဇဉ်ဖြတ် နိုင်တဲ့အချိန်၊ နောက်ကြောင်းကို တစ်ချက်မျှ
ပြန်လှည့်မကြည့်တဲ့အချိန်၊ လက်လျှော့အရှုံးပေးရမှာဆို
ဘာတစ်ခုမျှ အဝင်လည်း မခံ၊ ထည့်တောင် မတွက်တော့တဲ့
အချိန်မျိုးမှာမှ ချမှတ်လို့ရတာ ဖြစ်တယ်။

mgyoe.com

mgyoe.com



ဗင့်စ် လွမ်ဘာဒီ

mgyoe.com

mgyoe.com

# ပြင်းပြတဲ့ ဆန္ဒအင်အား

*The difference between a successful person and others is not a lack of strength, not a lack of knowledge, but rather a lack of will.*

**Vince Lombardi**

အောင်မြင်တဲ့ပုဂ္ဂိုလ်နဲ့ တခြားလူတွေကြားမှာ ခြားနားတာက ခွန်အားဗလချင်း ကွာလို့လည်း မဟုတ်ဘူး၊ ပညာဗဟုသုတချင်း ကွာလို့လည်း မဟုတ်ဘူး၊ ပြင်းပြတဲ့ဆန္ဒ အင်အားချင်း ကွာသွားလို့ပါ။

**ဗင့်စ် လွမ်ဘာဒီ**

လူမှာ တစ်ခုခုကို လိုချင်ဖြစ်ချင်စိတ်ဆိုတဲ့ ဆန္ဒအင်အား ပြင်းပြလာရင် ဆုံးဖြတ်ချက်ချတဲ့ နေရာမှာ ရဲရင့်တယ်၊ ပြတ်သားတယ်၊ စစ်လည်း စစ်မှန်လေ့ရှိတယ်။

စစ်မှန်တဲ့ ဆုံးဖြတ်ချက်ဆိုတာ ကိုယ်လုပ်မယ်လို့ အခိုင်အမာ သန္နိဋ္ဌာန်ချထားတာကလွဲရင် တခြား ဖြစ်နိုင်ခြေရှိတဲ့ဟာ ဘာကိုမဆို သံယောဇဉ်ဖြတ်နိုင်တဲ့အချိန်၊ နောက်ကြောင်းကို တစ်ချက်မျှ ပြန်လှည့်မကြည့်တဲ့အချိန်၊ လက်လျှော့အရှုံးပေးရမှာဆို ဘာတစ်ခုမျှ အဝင်လည်း

mgyoe.com

mgyoe.com


မခံ၊ ထည့်တောင်မတွက်တော့တဲ့ အချိန်မျိုးမှာမှ ချမှတ်လို့ရတာ ဖြစ်တယ်။

လက်တွေ့ကျပြီး စစ်မှန်တဲ့ ဆုံးဖြတ်ချက်ချတဲ့နေရာမှာ အင်မတန်ပြောင်မြောက်တဲ့ လူတစ်ယောက်ကို သာဓကပြရမယ်ဆိုရင် ဂျပန်နိုင်ငံက ဟွန်ဒါကော်ပိုရေးရှင်းကို တည်ထောင်သူ၊ ဟွန်ဒါမော်တော်ကားနဲ့ မော်တော်ဆိုင်ကယ်တွေ ထုတ်လုပ်သူ မစ္စတာ ဆိုအီချီရို ဟွန်ဒါကို ပြရလိမ့်မယ်။ သူက တစ်ကြိမ် ဆုံးဖြတ်ပြီးတဲ့ဟာဆို မဖြစ်ဖြစ်အောင် နည်းလမ်းရှာပြီး အကောင်အထည် ဖော်တတ်တယ်။ မဖြစ်လို့ဆိုပြီး ဘယ်တော့မှ လက်လျှော့တတ်တဲ့ လူစားမျိုး မဟုတ်ဘူး။

မစ္စတာဟွန်ဒါဟာ ၁၉၀၆ ခုနှစ်မှာ မွေးဖွားခဲ့ပြီး၊ အသက် ၁၅ နှစ်အရွယ်ကတည်းက ဝပ်ရှော့တစ်ခုမှာ အလုပ်ဝင်လုပ်ခဲ့ရတယ်။ ဒုတိယကမ္ဘာစစ် ဖြစ်ခါနီးတော့ သူ့အသက်က ၃၀ ကျော်ခါစ၊ အိမ်ထောင်တစ်ဖက်၊ အလုပ်တစ်ဖက်နဲ့ အင်ဂျင်နီယာပညာကို ဆုံးခန်းတိုင်အောင် ဆက်ဆည်းပူးတယ်။ သူ့မှာ ပစ္စတင်ရင်းလို့ခေါ်တဲ့ ကွင်းကလေးကို ပုံစံထုတ်ချင်တဲ့ စိတ်ကူးအိပ်မက်တစ်ခု ရှိတယ်။ လုပ်ကြည့်လို့ဖြစ်ရင် တိုယိုတာကော်ပိုရေးရှင်းကို ရောင်းမယ်လို့ သူ စိတ်ကူးထားတယ်။ နေ့ရှိသရွေ့ မနက်ဘက် ကျောင်းသွား၊ ညညဆို တစ်ညလုံး ပုံစံထုတ်တဲ့ အလုပ်ကို တကုပ်ကုပ် အပင်ပန်းခံလုပ်တယ်။ ရှိစု မဲ့စု ပိုက်ဆံကလေးကို သူ့စီမံကိန်းထဲ ခြစ်ခြုတ်ထည့်တယ်။ နောက်ပိတ်ဆုံး ဇနီးသည်ရဲ့ လက်ဝတ်လက်စားတွေပါမကျန် ပေါင်ရန်နှံရတဲ့ အထိပဲ။

နှစ်တွေနဲ့ချီပြီး လုံးပန်းအားထုတ်လာလိုက်တာ၊ အဆုံးမတော့ သူ ပစ္စတင်ရင်း ပုံစံထုတ်လို့ ရသွားတယ်။ ဒါနဲ့ တိုယိုတာကတော့ ဝယ်မှာပဲလို့ သေချာပေါက်တွက်ပြီး ပစ္စည်းသွားပြတော့ ဟိုလူတွေက ငြင်းလွှတ်လိုက်တယ်။ သူလည်း ကျောင်းပြန်ရောက်ရော သူ့ဆရာတွေ၊ သူငယ်

mgyoe.com

mgyoe.com


ချင်းတွေက မင်းမို့လို့ ဒီလိုပေါက်ပေါက်ရှာရှာ ပစ္စည်းမျိုးကို ပုံစံထုတ် တတ်တယ်၊ တော်တော်ကြောင်တဲ့ကောင်ပဲလို့ ဝိုင်းပြောကြတယ်။

ဒီလို အပြောခံရတော့ မစ္စတာဟွန်ဒါလည်း သူလိုကိုယ်လို လူ တစ်ယောက်ပဲ၊ စိတ်အနှောင့်အယှက် မဖြစ်ဘူးလားဆို ဖြစ်တာပေါ့။ ပိုက်ဆံရော ကုန်းကောက်စရာ ရှိသေးသလားလို့မေး၊ ဟုတ်ကဲ့၊ မရှိ တော့ပါဘူးလို့ ဖြေရမှာပါ။ ဒါဆို ဒီကိစ္စကို သူ လက်လျှော့လိုက်ရောတဲ့ လား။ လုံးဝ မလျှော့ဘူး။ ပြင်းပြတဲ့ဆန္ဒအင်အားနဲ့ ပြတ်သားတဲ့ ဆုံးဖြတ် ချက်က ဒီနေရာမှာ စကားပြောတော့တာပဲ။

မလျှော့တဲ့အပြင် နောက်ထပ် နှစ်နှစ်လုံးလုံး လုပ်လက်စ ပစ္စတင် ရင်းကိုပဲ ကောင်းသထက်ကောင်းအောင် နည်းလမ်းရှာပြီး ဆက်လုပ် တယ်။ ဒီနည်းနဲ့ မဖြစ်ရင် ဟိုနည်း၊ နည်းအမျိုးမျိုးပြောင်းပြီး ကြံဆ ပြုပြင်တယ်။ ဒီလိုနဲ့ နှစ်နှစ်ပြည့်ချိန်မှာတော့ သူ ထုတ်တဲ့ပုံစံ အချော ကိုင်လို့ ပြီးသွားတယ်။ တိုယိုတာကလည်း သူ့ပစ္စည်းကို တကယ့်ကို ဝယ်လိုက်ပါရောလား။

အဲဒီအချိန်ကစပြီး မစ္စတာဟွန်ဒါတစ်ယောက်လည်း အောင်မြင်မှု လမ်းကြောင်းပေါ် စရောက်သွားတော့တာပါပဲ။ ရှေ့လျှောက် ပစ္စတင်ရင်း အလုပ်ရုံထောင်ဖို့ ကြိုးစားရတာတွေ၊ စစ်ဘေးစစ်ဒဏ်ခံခဲ့ရတဲ့ ဂျပန် ပြည်သူပြည်သားတွေအတွက် အသုံးဝင်မယ့် 'ဆူပါကပ်'လို့ ခေါ်တဲ့ မော်တော်ဆိုင်ကယ် အသေးစားလေးတွေ ဖြစ်လာအောင် သူ တီထွင် အားထုတ်ခဲ့တာတွေလည်း အများကြီး ရှိသေးသပေါ့လေ။

ဒါပေမဲ့ လိုရင်းအချက်ကောက်ရရင် အောင်မြင်မှု အလားအလာ ထူထောင်တဲ့နေရာမှာ မစ္စတာဟွန်ဒါဆီက နည်းယူစရာကောင်းတဲ့ အချက်တွေကို ခုလို တွေ့ရတယ်။

၁။ ကိုယ်ဖြစ်ချင်တဲ့ဟာကို ဖြစ်အောင်လုပ်မယ်လို့ ပြတ်ပြတ်

mgyoe.com

mgyoe.com





သားသား ဆုံးဖြတ်ထားတယ်။

၂။ ထထကြွကြွ၊ ဖွဲ ကြီးကြီးနဲ့ လုပ်ကိုင် ဆောင်ရွက်တယ်။

၃။ ကိုယ် လုပ်ကိုင်နေတာ အလုပ်ဖြစ်မဖြစ် သတိထားစောင့်ကြည့်တယ်။ အလုပ်မဖြစ်ဘူးဆိုရင်...

၄။ လုပ်ကိုင်ပုံ နည်းစနစ်ပြောင်းပြီး လုပ်တယ်။ သူ့နည်းက ပြုလွယ်ပြင်လွယ် ရှိတယ်။

ဒီတော့ ဘဝမှာ အောင်မြင်ချင်တဲ့လူ၊ ကိုယ့်အလားအလာကိုယ်ထူထောင်ချင်တဲ့ လူတွေအဖို့ မစ္စတာဟွန်ဒါကို စံနမူနာထားပြီး ကိုယ့်ဘဝအတွက် သင်ခန်းစာ ထုတ်ယူလို့ ရနိုင်တာက–

ရည်မှန်းချက်ပန်းတိုင်ဆီ အရောက်လှမ်းတဲ့ နေရာမှာ ပြင်းပြတဲ့ဆန္ဒအင်အားနဲ့ ဆုံးဖြတ်ချက်လည်း ချထားမယ်၊ ပြုလွယ်ပြင်လွယ်သဘောထားလည်းရှိမယ်၊ မဆုတ်မနစ်တဲ့ စိတ်နဲ့ အင်တိုက်အားတိုက်တစိုက်မတ်မတ်လည်း လုပ်ကိုင်ဆောင်ရွက်မယ်ဆိုရင် အဆုံးမှာ ကိုယ်လိုချင်တောင့်တတဲ့ဟာကို ရကိုရတယ် ဆိုတာပါပဲ။ ။

■

mgyoe.com


mgyoe.com

ဆယ်ခါလုပ်လို့ ကိုးခါ မအောင်မြင်ဘူးလား

လူဆိုတာ ကံတရားက မျက်နှာသာမပေးရင်
လုံ့လဝီရိယအား၊ အကြံဉာဏ်အား
များများကြီး စိုက်ထုတ်ဖို့ လိုတယ်။

mgyoe.com

mgyoe.com



ဂျော့ချ် ဘားနဒ်ရှော

mgyoe.com

mgyoe.com

# ဆယ်ခါလုပ်လို့ ကိုးခါ မအောင်မြင်ဘူးလား

*When I was young I observed that nine out of ten things I did were failures, so I did ten times more work.*
**George Bernard Shaw**

ကျွန်တော် ငယ်ငယ်တုန်းက ကိုယ့်ကိုယ်ကိုယ် သတိထားကြည့်လိုက်တော့ ကျွန်တော် လုပ်သမျှ ဆယ်ခုမှာ ကိုးခုက မအောင်မြင် ဘူး။ ဒီတော့ ဘယ်ရမလဲ၊ ကျွန်တော်ကလည်း အလုပ်ကို ဆယ်ဆတိုးပြီး လုပ်ပစ်လိုက်တာပေါ့။
**ဂျော့ချ် ဘားနဒ်ရှော**

အလုပ်လုပ်လို့ ဆယ်ခုမှာ တစ်ခုပဲ ဖြစ်မြောက်တယ်ဆိုတော့ ရုတ်တရက် ကြည့်လိုက်ရင် အားလျော့စရာပဲ။ အောင်မြင်မှု အလားအလာ နည်းလွန်းတယ်လို့ ဆိုရမယ်နဲ့ တူတယ်။ ဒါပေမဲ့ ဘားနဒ်ရှောလို ပုဂ္ဂိုလ်က အလားအလာနည်းလို့၊ ရလဒ်မကောင်းလို့ ဆိုပြီး ဇွဲမလျှော့ဘဲ အလုပ်ကို ဆယ်ဆတိုးပြီး လုပ်သတဲ့။ ဒါပေါ့။ အခါတစ်ရာလုပ်မှတော့ ဖြစ်မြောက်တာ၊ အောင်မြင်တာလည်း ဆယ်ခု ပါလာတော့တာပေါ့။

လူဆိုတာ ကံတရားက မျက်နှာသာမပေးရင် လုံ့လ ဝီရိယအား၊

mgyoe.com

mgyoe.com


အကြံဉာဏ်အား များများကြီးစိုက်ထုတ်ဖို့ လိုတယ်။

ဥပမာ အမေရိကန်လူမျိုး တီထွင်ရှင် သောမတ်စ်အယ်ဒီဆင်ကို ပဲ ကြည့်။ ဒီနာမည်ပြောလိုက်ရင် တစ်ကမ္ဘာလုံး မသိသူမရှိသလောက် ထင်ရှားတဲ့ပုဂ္ဂိုလ်ပါ။ သူ့တစ်သက်တာအတွင်းမှာ သူ တစ်ဦးတည်း တီထွင်တာရော၊ သူများနဲ့ ပူးတွဲတီထွင်တာတွေပါ ပေါင်းလိုက်ရင် မှတ်ပုံ တင်ပြီးသား တီထွင်မှုအမယ်ပေါင်း တစ်ထောင့်တစ်ရာလောက် ရှိတယ်။ ဒီကနေ့အထိ ဘယ်သူမှ မချိုးနိုင်သေးတဲ့ ကမ္ဘာ့စံချိန်ပဲ။

ဒါတင် မကဘူး။ ကမ္ဘာ့ပထမဦးဆုံး လုပ်ငန်းသုတေသန ဓာတ် ခွဲခန်းကြီးကိုလည်း သူ ဖန်တီးတည်ထောင်သွားသေးတယ်။ လျှပ်စစ် တစ်ခေတ် ပြောင်းလဲဆန်းသစ်ရေးအတွက်ရော၊ တယ်လီဖုန်းစနစ် ကြေးနန်းရိုက်စက်၊ အသံဖမ်း အသံသွင်း နည်းပညာတိုးတက်ရေးအတွက် ပါ ကြိုးပမ်းအားထုတ်ခဲ့ကြရာမှာ သူ့ကျေးဇူးတွေ အများကြီး ရှိတယ်။ အဲဒီလိုလုပ်ကိုင်ဆောင်ရွက်သွားလို့ဆိုပြီး အယ်ဒီဆင်ဟာ အဘက်ဘက် က ပြည့်စုံထူးချွန်လာသူ ဖြစ်ရမယ်လို့တော့ မအောက်မေ့လိုက်ပါနဲ့။

ကံတရားရဲ့ မျက်နှာသာ အပေးမခံရတဲ့လူတွေထဲမှာ သူလည်း တစ်ယောက် အပါအဝင်ပဲ။ ကျောင်းနေရမယ့်အရွယ်မှာ အမေရိကန် ပြည်တွင်းစစ်ကြီးဖြစ်လို့ ပညာကို ဟုတ်တိပတ်တိ မသင်ခဲ့ရဘူး။ အသက် ၁၂ နှစ်မှာ မီးရထားအလုပ်သမားအဖြစ်နဲ့ အလုပ်ဝင်လုပ် ရတယ်။ တဖြည်းဖြည်းနဲ့ ရထားပို့ဆောင်ရေးလုပ်ငန်းနယ်ပယ်မှာ ကြေးနန်းဆက်သွယ်ရေးစနစ် အသုံးတွင်ကျယ်လာလို့ သူ့အသက် (၁၆) နှစ်ရှိတော့ ကြေးနန်းရိုက်အလုပ်သင် ဖြစ်လာတယ်။

သူ့မှာ အားနည်းချက်တစ်ခုက မွေးရာပါ နားထင်ဘက်အခြမ်း ခေါင်းခွံအနေအထား မမှန်တာကြောင့် ငယ်ငယ်ကတည်းက အကြား အာရုံ ချို့တဲ့ခဲ့တယ်။ ဒါပေမဲ့ ကြေးနန်းရိုက်တဲ့အလုပ်က အစက်ကလေး

mgyoe.com

mgyoe.com


တွေ၊ မျှဉ်းတိုကလေးတွေနဲ့ ဖော်ရတာဆိုတာ့ နားမကောင်းတဲ့ သူ့အတွက် အခက်အခဲ မရှိဘူး။ နောက်ပိုင်း ကြေးနန်းဆက်သွယ်ရေးမှာ အကြားအာရုံနဲ့ ဆိုင်တာတွေ ပါလာလို့ သူ့အတွက် အဆင်မပြေတာတွေ ဖြစ်လာတယ်။ အဲဒီအချိန်ကစပြီး သူ့ရဲ့အကြံအား၊ ဉာဏ်အား၊ ဝီရိယအားတွေကို သူ အပြည့်အဝ ထုတ်သုံးတော့တာပဲ။ ၁၆ နှစ်သားက စလုပ်ခဲ့တဲ့ အလုပ်ခွင်ထဲမှာ သူ့ဘာသာ မနားမနေ ကြိုးစားတီထွင်လာလိုက်တာ ခြောက်နှစ်ကြာတော့ ကြေးနန်းကြိုးတစ်ချောင်းတည်းနဲ့ သတင်းပို့၊ သတင်းလက်ခံနိုင်တဲ့ နှစ်မျိုးသုံး၊ နောက် လေးမျိုးသုံး ကြေးနန်းရိုက်စက်တွေ၊ လျှပ်စစ်အချက်ပြ သင်္ကေတတွေကို အက္ခရာ စာလုံးတွေအဖြစ် ပြောင်းလဲပုံနှိပ်ပေးတဲ့စက်တွေ၊ ဒါတွေကို အောင် အောင်မြင်မြင် သူ တီထွင်နိုင်ခဲ့တယ်။

အဲဒီလို တီထွင်နိုင်ချိန်ဖြစ်တဲ့ အသက် ၂၂ နှစ်အရွယ်မှာ အယ်ဒီဆင်ဟာ နယ်လှည့်မီးရထား ကြေးနန်းဝန်ထမ်းအဖြစ်ကနေ အချိန်ပြည့် တီထွင်နိုင်မှုနဲ့ လက်ပွန်းတတီးရှိတဲ့ စွန့်ဦးတီထွင် လုပ်ငန်းရှင်ဘဝကို ရောက်တော့တာပဲ။ လုပ်ငန်းရှင်ဖြစ်သွားပေမယ့် တီထွင်ဖန်တီးတဲ့အလုပ်ကို လုံးဝမစွန့်လွှတ်ဘဲ ဆက်တိုက် သူဆက်လုပ်တယ်။ သူက အလုပ်လုပ်နေရတာကို ပျော်မွေ့တယ်။ လုပ်ရင်းကိုင်ရင်း အမှားအယွင်းတွေ၊ မအောင်မြင်တာတွေ တွေ့လို့လည်း စိတ်မပျက် လက်မလျှော့တတ်ဘူး။ အတွေ့အကြုံထဲကနေ သင်ခန်းစာထုတ်ယူပြီး ဇွဲနပဲနဲ့ ဖြစ်မြောက်အောင်လုပ်တယ်။ သူကွယ်လွန်တော့ အသက် ၈၃ နှစ်ရှိပြီ။ အဲဒီအသက်ရှစ်ဆယ်ကျော် ကွယ်လွန်ခါနီးအချိန်ထိအောင် အလုပ်လုပ်တုန်း၊ တီထွင်လို့ကောင်းတုန်း။ ငယ်စဉ်ကလောက် ထက်ထက်မြက်မြက် မရှိတော့ပေမယ့် လုပ်စရာရှိတာတွေ ကို သူ စွဲစွဲမြဲမြဲ လုပ်ကိုင်သွားတယ်။

သူ ပြောခဲ့တဲ့ စကားတစ်ခွန်း ရှိတယ်။

mgyoe.com

mgyoe.com


*Opportunity is missed by most people because it comes dressed in overalls and looks like work.*

လူအတော်များများဟာ အခွင့်အလမ်းနဲ့ လွဲချော်တတ်ကြတယ်။ ဘာပြုလို့လဲဆိုတော့ အခွင့်အလမ်းက အလုပ်သမားဝတ်စုံကြီး ဝတ်လာပြီး ရုပ်ကလည်း အလုပ်ရုပ်ပေါက်နေတာကိုး-တဲ့။

ဟုတ်တယ်။ အခွင့်အလမ်းဆိုတာ အလုပ်ထဲမှာပဲ ရှိတယ်။ အလုပ်သမားဝတ်စုံကြီးကြည့်ပြီး၊ မာကျောအေးစက်တဲ့ အလုပ်ရဲ့ ရုပ်ဆင်းအင်္ဂါကြည့်ပြီး နောက်တွန့်ကြောက်ရွံ့မသွားပါနဲ့။ ရဲရဲယုံယုံ ရှေ့တိုးပြီး အလုပ်ရဲ့လက်ကို လှိုက်လှိုက်လှဲလှဲ ဆုပ်ကိုင်နှုတ်ဆက်လိုက်စမ်းပါ။ အဲဒီနောက် အလုပ်ထဲ ဖောက်ချပြီး ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ အားထုတ်လုပ်ကိုင်ကြည့်စမ်းပါ။

ဆယ်ခါလုပ်မှ တစ်ခါပဲ ဖြစ်မြောက်တယ်ထားဦး၊ အလုပ်ကို ဆယ်ဆတိုးပြီးတော့သာလုပ်။ အခါတစ်ရာ ကြိုးပမ်းမှုရဲ့ ရလဒ်အဖြစ် ဆယ်ကြိမ်မြောက် ခေါက်မိချိန်မှာ အခွင့်အလမ်းဆိုတဲ့ တံခါးကြီး ဒိုင်းခနဲ ပွင့်သွားစေရမယ်၊ စိတ်ချ။ ။

■

mgyoe.com


mgyoe.com

မှော်ကော်ခုံနဲ့ ပက်လက်

အယူအဆသစ်၊ စိတ်ကူးသစ်ဆိုတာ
ဘယ်ခေတ်ကာလ မှာဖြစ်ဖြစ်
ပန်းကုံးစွပ် လက်ခုပ်တီးပြီး
အကြိုဆိုခံရတာမျိုး မဟုတ်ဘူး။

mgyoe.com

mgyoe.com




ဒစ်ခ် ဖော့စ်ဘာရီ

mgyoe.com

mgyoe.com

# မှောက်ခုံနဲ့ ပက်လက်

*I was told over and over again that I would never be successful, that I was not going to be competitive and the technique was simply not going to work. All I would do was shrug and say. "We'll just have to see."*

**Dick Fosbury,** *whose revolutionary high-jumping technique enabled him to win an Olympic gold medal in 1968.*

ကျွန်တော့်ကို ထပ်တလဲလဲ ဝိုင်းပြောခဲ့ကြတယ်။ ကျွန်တော် အောင်မြင်မှာ မဟုတ်ဘူး။ သွားပြိုင်လို့ နိုင်မှာမဟုတ်ဘူး။ ဒီနည်းစနစ်ကလည်း ဘယ်နည်းနဲ့မှ အလုပ်ဖြစ်မှာ မဟုတ်ဘူးတဲ့။ ကျွန်တော်က ပခုံးတွန့်ပြပြီး 'စောင့်ကြည့်ကြပေါ့ဗျာ' လို့ပဲ ပြောလိုက်ရတာပေါ့။

**ဒစ်ခ် ဖော့စ်ဘာရီ**

**(ပြောင်းလဲဆန်းသစ်တဲ့ အမြင့်ခုန် နည်းစနစ်ထွင်သူ၊ ၁၉၆၈ အိုလံပစ် ရွှေတံဆိပ်ဆုရှင်)**

mgyoe.com

mgyoe.com


စိတ်ကူးသစ်၊ ခြေလှမ်းသစ်တွေနဲ့ သမားရိုးကျလုပ်နည်းလုပ်ဟန်ကနေ လမ်းခွဲထွက်ချင်တဲ့ လူတိုင်း အတားအဆီးတွေ၊ ဝေဖန်ကန့်ကွက်သံတွေနဲ့ ရင်ဆိုင်ရမှာပဲ။ ဒါတွေကို မလွန်ဆန်နိုင်လို့ကတော့ ဖြစ်စရာရှိတာ ဖြစ်လာမှာ မဟုတ်ဘူးလို့ ဖော့စ်ဘာရီက ဆိုလိုတာပါ။

ပထမဦးဆုံး အဲဒီ ဒစ်ခ် ဖော့စ်ဘာရီဆိုတဲ့ ပုဂ္ဂိုလ်အကြောင်း လေ့လာကြည့်ရအောင်။ သူ့နာမည်အပြည့်အစုံက ရစ်ချတ် ဒေါက်ဂလပ်စ် ဖော့စ်ဘာရီ။ အမေရိကန်နိုင်ငံ၊ အိုရီဂွန်ပြည်နယ်၊ ပို့တ်လဲန်မြို့မှာ ၁၉၄၇ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့က မွေးတယ်။ သူက အမြင့်ခုန်အားကစားသမား။ အစဉ်အဆက်က ခုန်လာခဲ့ကြတဲ့ အမြင့်ခုန်နည်းတွေကို စွန့်လွှတ်ပြီး ဆန်းသစ်တဲ့ သူ့ကိုယ်ပိုင် ခုန်နည်းခုန်ဟန်ကို တီထွင်ခဲ့တယ်။ ပက်လက်အနေအထားနဲ့ ကျောပေးပြီး တန်းပေါ်လွှားကျော်တဲ့ သူ့နည်းကို 'ဖော့စ်ဘာရီခုန်နည်း' လို့ လူသိများတယ်။


ဖော့စ်ဘာရီ အထက်တန်းကျောင်းသားဘဝ၊ ကျောင်းအားကစားပြိုင်ပွဲမှာ အမြင့်ခုန်ဝင်ပြိုင်တော့ တန်းပေါ် ဝမ်းလျားမှောက်ခွပြီး ခုန်တဲ့နည်းက သူ့အတွက် အလုပ်မဖြစ်ဘူး။ အခုန်ရခက်တယ်။ ဒါနဲ့ သူ့ဘာသာသူထွင်ပြီး ကျောပေးခုန်နည်းနဲ့ ခုန်ကြည့်တယ်။ ဖြစ်လည်းဖြစ်တယ်။ အဲဒီတုန်းက သူ့အသက် ၁၆ နှစ်။

အိုရီဂွန်ပြည်နယ် တက္ကသိုလ်က ကျင်းပတဲ့ ပြေးခုန်ပစ် ပြိုင်ပွဲဝင်တော့ သူ့နည်းပြဆရာက သမားရိုးကျမဟုတ်တဲ့ သူ့ခုန်နည်းကို မသုံးစေချင်ဘူး။ ဒီတော့ သမားရိုးကျ ခုန်နည်းနဲ့ သူ ခုန်ကြည့်တယ်။ မရဘူး။ အဆုံးမတော့ သူ တီထွင်တဲ့ခုန်နည်းကိုပဲ မဖြစ်မနေပြန်ပြီး ကြိုးစားလေ့ကျင့်လိုက်တာ တစ်နှစ်အတွင်း ပက်လက်ကျောခင်း ခုန်နည်း အောင်မြင်သွားတယ်။

သူ့နည်းက ခုန်ဖို့ အားယူအပြေးမှာ ဘေးကို ဝိုက်ပြီး ပြေးရတယ်။

mgyoe.com

mgyoe.com

ကတ်ကြေးခွဲခုန်နည်းကို နည်းနည်းပြုပြင်မွမ်းမံထားတယ်။ တန်းပေါ် အတက်မှာ ကျောခင်းပြီး တက်ရတယ်။ မြေပေါ်ကျရင် ကုပ်ပိုးအောက်ပိုင်းနဲ့ ပခုံးနှစ်ဖက်နဲ့ ကျရတယ်။ ဒီကျနည်းက အောက်က သဲခင်းတာမျိုးနဲ့တော့ သိပ်မကိုက်ဘူး။ အောက်ခံသဲခင်းတဲ့နေရာမှာ အကျသက်သာစေတဲ့ အားကစားသုံး အခင်းဖျာတွေ အစားထိုးသုံးလာတော့ အဆင်ပြေသွားတာပေါ့။ ဒီလိုနဲ့ ဖော့စ်ဘာရီလည်း ၁၉၆၈ ခုနှစ် (အသက် ၂၁ နှစ်) မှာ အမေရိကန်နိုင်ငံရဲ့ အမျိုးသားချန်ပီယံ ဖြစ်လာပြီး ၁၉၆၈ အိုလံပစ်ပြိုင်ပွဲ ပါဝင်ဆင်နွှဲခွင့်ရတယ်။

မက်ဆီကိုစီးတီးမှာ ကျင်းပတဲ့ အိုလံပစ်ပြိုင်ပွဲကို ဖော့စ်ဘာရီ ရောက်သွားတော့ သူ့ အမြင့်ခုန်နည်းစနစ်ကို တခြားပြိုင်ဘက်တွေက ဟုတ်မှဟုတ်ရဲ့လားလို့ သံသယနဲ့ စောင့်ကြည့်ကြတယ်။ ဒါပေမဲ့ သူလည်း အမြင့်ခုန်ရော၊ ကြည့်နေတဲ့ ပရိသတ်ဟာ ဆန်းသစ်တဲ့ သူ့

mgyoe.com

mgyoe.com


ခုန်ဟန်ကို ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်ရင်း မှင်သက်မိကုန်ကြတယ်။ ပြိုင်ပွဲ ပထမနေ့မှာပဲ တင်လိုက်တဲ့ အမြင့်တိုင်းကို တစ်ချိ တည်းနဲ့ချည်း လွတ်အောင် သူ ခုန်နိုင်ခဲ့တယ်။ နောက်နေ့မှာတော့ ဖော့စ်ဘာရီတစ်ယောက် အမြင့် ၂.၂၄ မီတာ (ခုနစ်ပေနဲ့ လေးလက်မ တစ်မတ်) ခုန်ပြီး ကမ္ဘာ့အမြင့်ခုန် စံချိန်သစ် တင်လိုက်ပါရောလား။ နောက်ပိုင်းမှာ ကမ္ဘာ့အမြင့်ခုန် အားကစားသမားအတော်များများဟာ သူ ခုန်တဲ့နည်းစနစ်ကို လိုက်သုံးလာကြတယ်။ ခုချိန်မှာတော့ ဖော့စ် ဘာရီနည်းစနစ်ဆိုတာ အမြင့်ခုန် အားကစားနည်းအတွက် စံတစ်ခု ဖြစ်နေပါပြီ။ ဖော့စ်ဘာရီဆိုတဲ့ ပုဂ္ဂိုလ်ကိုလည်း ၁၉၉၃ ခုနှစ်ကတည်း က အမေရိကန်ပြည်ထောင်စု၊ အိုလံပစ်အကျော်အမော် ခန်းမဆောင် မှာ တစ်ဆောင်တစ်ယောင် နေရာပေး ရွေးချယ်ခဲ့ကြပါပြီ။

ဒါနဲ့ စပ်မိလို့ မေးကြည့်ချင်တယ်။

သမားရိုးကျကနေ လမ်းခွဲထွက်ပြီး သစ်လွင်ထူးခြားတဲ့၊ စွန့်စား မှုသဘောပါတဲ့၊ ကိုယ့်အတွက်ရော အများအတွက်ပါ ကျေးဇူးပြုနိုင် မယ့် စိတ်ကူးမျိုး၊ အမြင်မျိုး အားထုတ်လုပ်ကိုင်မှုမျိုးများ ကိုယ့်မှာ တစ်ခုတလေ ရှိနေသလား။ အဲဒီလိုရှိတဲ့အတွက် ပတ်ဝန်းကျင် အသိုင်း အဝိုင်းက အလကားပါ ကြောင်တာပါလို့ ကိုယ့်ကွယ်ရာမှာ ကျယ် ကျယ်၊ ကိုယ့်ရှေ့မှာတီးတိုး ပြောနေကြသလား။ (ပြောပစေ)

တစ်ခုပဲ။

ကိုယ် ကြံစည်လုပ်ကိုင်တာက လက်တွေ့နယ်ပယ်နဲ့ မကင်းကွာ ဖို့၊ စိတ်ကူးယဉ်သက်သက် မဖြစ်ဖို့တော့ လိုတယ်။ ဘယ့်နှယ်၊ သမား ရိုးကျနဲ့ လမ်းခွဲပါတယ်ဆိုမှတော့ သမရိုးကျအမြင်တွေ၊ ဆင်ခြေတွေ နဲ့ ကြည့်ရင် ဘယ်နည်းနဲ့မှ ဖြစ်နိုင်စရာအကြောင်း မရှိပေဘူးပေါ့။ အရေးကြီးတာက ကိုယ်ကိုယ်တိုင် လက်တွေ့လုပ်ကိုင်ကြည့်လို့ ရရ

mgyoe.com

mgyoe.com


မယ်။ ရတယ်ဆိုရင် ကိုယ့်စိတ်ကူး၊ ကိုယ့်အကြံက ဒီကနေ့ တည်ရှိနေတဲ့ စံနမူနာ၊ လူမှုအဆင်အကွက်တွေနဲ့ ရုတ်တရက် မဟပ်မိသေးပေမယ့် မနက်ဖြန် အဲဒီ အဆင်အကွက်တွေ (ခုကာလ ပြောပြောနေကြတဲ့ ပါရာဒိုင်းတွေ) အပြောင်းအလဲ ဖြစ်လိုက်တာနဲ့ တစ်ချက်တည်း ကိုယ့်စိတ်ကူးက ကွက်တိဒက်ထိ ဖြစ်သွားနိုင်တယ်။

ဖော့စ်ဘာရီရဲ့ အမြင့်ခုန်နည်းစနစ်မှာပဲ ကြည့်။

သူ ခုန်တဲ့နည်းက လည်ကုပ်နဲ့ ပခုံးနဲ့ကျတာမို့ အောက်ခင်းမာတာနဲ့ဆို အလုပ်မဖြစ်ဘူး။ ဟော... အကျသက်သာမယ့် အခင်းတွေနဲ့လည်း အစားထိုးလိုက်ရော သူ့နည်းက အလုပ်ဖြစ်သွားတယ် မဟုတ်လား။ ဒါကြောင့် မဖြစ်နိုင်ဘူးလို့ ထင်ရတဲ့ ကိစ္စတစ်ခုမှာ ကြားခံအခြေအနေ တစ်ရပ်ရပ်က ထောက်ကူပံ့ပိုးပေးလိုက်တဲ့အခါ ဖြစ်နိုင်လာတယ်။ ခုန်ဖို့ အရှိန်အယူမှာ ကွေ့ဝိုက်ပြေးရတာ၊ ကတ်ကြေးခွဲ ခုန်နည်းကို ပြုပြင်မွမ်းမံ ယူတာတွေကတော့ လက်တွေ့လုပ်ယူရတဲ့ နည်းစနစ်ပိုင်းတွေပေါ့။

အဲဒီတော့ အလားအလာရှိတဲ့လူဆိုတာ သမားရိုးကျ အတွေးအခေါ် အယူအဆနဲ့ လမ်းခွဲသင့် ခွဲရတယ်။ ကိုယ့်အတွေး၊ ကိုယ့်အကြံ၊ တစ်နည်းပြောရရင် ကိုယ့်အိပ်မက်ကို အကောင်အထည်ပေါ်အောင် နည်းအမျိုးမျိုးနဲ့ ကြိုးစားယူရတယ်။ အကောင်အထည် မပေါ်သေးခင် စပ်ကြား ဖော့စ်ဘာရီ လုပ်သလို ပခုံးကလေး အသာတွန့်ပြီး "စောင့်ကြည့်ကြပေါ့ဗျာ"လို့ စိတ်ထဲက ပြန်ပြောရမယ်။

အယူအဆသစ်၊ စိတ်ကူးသစ်ဆိုတာ ဘယ်ခေတ်ဘယ်ကာလမှာဖြစ်ဖြစ် ပန်းကုံးစွပ် လက်ခုပ်တီးပြီး အကြိုဆိုခံရတာမျိုး မဟုတ်ဘူး။ ကိုယ် လုပ်စရာရှိတာကို ကြောင်းကျိုးညီညွတ်မှုရှိအောင် အကြိမ်ကြိမ် အထပ်ထပ် ဆင်ခြင်သုံးသပ်ပြီး တစိုက်မတ်မတ် လုပ်ဖြစ်အောင်သာ

mgyoe.com

mgyoe.com


ဆက်လုပ်သွား။ မှိန်ရာကနေ လင်းလက်တောက်ပလာခဲ့တဲ့ အလားအလာ ကြယ်စင်တွေ မိုးကောင်းကင်ထက်မှာ ရေတွက်လို့မကုန် တစ်ပုံကြီးပါ။

mgyoe.com

mgyoe.com

## ရွှံ့တုံးလား ဘောလုံးလား

အကျမှာ လူတွေ ဘာဖြစ်သွားတတ်ကြသလဲဆိုတာ
သတိထားကြည့်။
ရွှံ့တုံးတစ်တုံးကို အမြင့် ကနေ ပစ်ချလိုက်သလို၊
အောက်ရောက်တော့ ဘုတ်ဆို ပြားပြီး ကပ်သွားသလား။
လေတင်းတင်း ထိုးထားတဲ့ ဘောလုံးတစ်လုံးလို
အပေါ်ကို ပြန်ကန်တက်လာသလား။

mgyoe.com

mgyoe.com



ဂျော့ချ် အက်စ် ပက်တန်

mgyoe.com

mgyoe.com

## ရှုံ့တုံးလား ဘောလုံးလား

*I don't measure a man's success by how high he climbs, but how high he bounces when he hits bottom.*

**George S. Patton**

ကျုပ်က လူတစ်ယောက်ရဲ့အောင်မြင်မှုကို တိုင်းတာတဲ့နေရာမှာ အဲဒီလူ ဘယ်လောက်မြင့်မြင့် တက်နိုင်သလဲဆိုတာနဲ့ မတိုင်းဘူး။ အောက်ပြတ် အကျမှာ ဘယ်လောက်မြင့်မြင့် ပြန်ခုန်နိုင် ကြွနိုင်သလဲ ဆိုတာနဲ့ တိုင်းတယ်။

**ဂျော့ချ် အက်စ် ပက်တန်**

ဘဝတစ်လျှောက်လုံး တက်လမ်းတွေချည်း တွေ့ရလို့ တက်ပြီး ရင်း တက်သွားတာဟာ ထူးခြားတဲ့ အရည်အချင်းလို့ မဆိုနိုင်ဘူး။ တက်နေရာကနေ မတော်တဆ ဖုတ်ခနဲ ပြုတ်အကျမှာ ဘယ်လောက် ပြန်ပြီး ရုန်းကန်ထနိုင်စွမ်း ရှိသလဲဆိုတာကို ကြည့်။ အဲဒါမှ တကယ့် အရည်အချင်း။

တချို့ တက်တုန်းကတော့ တက်ပါရဲ့။ အဲ– ကျလည်းကျရော လုံးဝ နာလန်မထူတော့တာတွေ ရှိတယ်။ လောကမှာ အကျတို့၊ အရှုံး

mgyoe.com

mgyoe.com


တို့ ဆိုတာတွေက အချိန်မရွေး၊ အကြောင်းမရွေး ဖြစ်နိုင်တယ်။ စီးပွား ဥစ္စာ၊ ရာထူး၊ သိက္ခာ၊ စာမေးပွဲ... ဘာမဆို ကျနိုင် ရှုံးနိုင်တာချည်းပဲ။ ကိုယ်ကိုယ်တိုင်က မိုက်လို့၊ မှားလို့၊ ညံ့လို့၊ လော်မာလို့ ကျရတာရှိသလို အခန့်မသင့် အကြောင်းမတိုက်ဆိုင်လို့၊ ဂြိုဟ်မွှေလို့ ကျရ၊ ရှုံးရ၊ နိမ့်ပါး ရတာမျိုးလည်း ရှိတတ်တယ်။

ဘာကြောင့်ဖြစ်ဖြစ် ကျလို့ ကျပြီပဲထား။ အဲဒီလိုအကျမှာ လူတွေ ဘာဖြစ်သွားတတ်ကြသလဲဆိုတာ သတိထားကြည့်။ ရွှံ့တုံးတစ်တုံးကို အမြင့်ကနေ ပစ်ချလိုက်သလို၊ အောက်ရောက်တော့ ဘုတ်ဆို ပြားပြီး ကပ်သွားသလား။ လေတင်းတင်း ထိုးထားတဲ့ ဘောလုံးတစ်လုံးလို အပေါ်ကို ပြန်ကန်တက်လာသလား။

လက်တွေ့မှာ ရွှံ့တုံးလို လူတွေက ခပ်များများ၊ ဘောလုံးလို လူစား က ခပ်ရှားရှားဆိုတာ တွေ့ရလိမ့်မယ်။ ဒါပေမဲ့ အဲဒီ ခပ်ရှားရှား ဆိုတဲ့ အစဉ်အလာကို ပြောင်းလဲပစ်ဖို့ လိုတယ်။

လူတိုင်းလူတိုင်းက ကိုယ့်ကိုယ်ကိုယ် ရွှံ့တုံးအဖြစ်မခံဘဲ၊ ဘော လုံးလို ကျရာနေရာက ပြန်ပြီး ခုန်နိုင်၊ ကြွနိုင်အောင် လုပ်ကြရမယ်။ ဒါမှ တစ်ဦးချင်း တစ်ယောက်ချင်းအနေနဲ့ ဆိုလည်း ဘဝတက်လမ်း ကို တစ်ကွေ့မဟုတ် တစ်ကွေ့၊ တစ်နည်းမဟုတ် တစ်နည်းပြန်ရှာလို့ တွေ့မယ်။ နိုင်ငံတစ်နိုင်ငံအနေနဲ့ဆိုလည်း အဲဒီလို လူတွေများများရှိမှ ခုလောလောဆယ် နိမ့်ကျနေတဲ့တိုင်အောင် နောင်တစ်ချိန်မှာ မြင့်မား ဟိုးတက်လာမှာ ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးခါစတုန်းက ဂျပန်နိုင်ငံကို ကြည့်ပါ။ စစ်လည်းရှုံး၊ အနုမြူဗုံးနဲ့လည်း အကြံခံခဲ့ရလို့ ဗုန်းဗုန်းလဲခဲ့ရတာပဲ။ ဟော... နှစ်ပေါင်းငါးဆယ်ကြာတဲ့ ဒီကနေ့ကာလမှာ ဂျပန်နိုင်ငံ ဘာ ဖြစ်လာသလဲ၊ ဘယ်ဘဝ ရောက်လာသလဲ။ အဘက်ဘက်က ပြည့်စုံ

mgyoe.com

mgyoe.com



ကြွယ်ဝလာတာ မျက်မြင် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ ဂျပန်ပြည်သူတွေက ရွှံ့တုံးတွေ မဟုတ်ဘဲ ဘောလုံးလို လူစားတွေဆိုတော့ ပြာပုံထဲကနေ ကုန်းရုန်းထခဲ့ကြလို့ပေါ့။ "တို့တိုင်းပြည်"ဆိုတဲ့ ကဗျာထဲမှာ ဆရာဇော်ဂျီ ရေးခဲ့ဖူးသလို "လက်ရုံးမြားမြောင်၊ ဉာဏ်မြားမြောင်နှင့်၊ စွမ်းဆောင်ကြလေ၊ ဆောင်ကြလေ"လို့ ဖွံ့ဖြိုးတိုးတက်လာတာပေါ့။


ဘောလုံးလို လူစားဆိုလို့ ဘောလုံးလောကထဲကနေ ဥပမာ ထုတ်ပြရရင် ကောင်းမယ်ထင်တယ်။ ဆိုပါတော့ အင်္ဂလန်ဘောလုံးအသင်းရဲ့ လက်ရွေးစင် မိုက်ကယ်အိုဝင်။ သူဆိုရင် လီဗာပူးလ်အသင်းရဲ့ ငယ်မွေးခြံပေါက်။ အဲဒီအသင်းမှာ ကစားရင်း အောင်မြင်ထင်ရှားလာတာပဲ။ ဒါပေမဲ့ အကြောင်းအားလျော်စွာ လီဗာပူးလ်ကနေ စပိန်ကလပ်အသင်း ရီးရဲလ်မက်ဒရစ်ကို ၂၀၀၄–၂၀၀၅ ဘောလုံးရာသီမှာ ပြောင်းသွားတယ်။ ရီးယဲလ် ရောက်သွားတော့ အိုဝင်ရဲ့ ဘောလုံးသမားဘဝလမ်းကြောင်း ပိုပြီး တိုးတက်လာသလား၊ မတိုးတက်ပါဘူး။

ကစားအားနဲ့ အရည်အချင်း ကျမသွားပေမယ့် သူ့ရဲ့ကစားသမားအနေအထားနဲ့ အဆင့်အတန်းကတော့ ကျသွားတယ်လို့ ဆိုရမယ်။ အရန်ခုန်ပေါ်ထိုင်ပြီး လူစားထိုးကစားဖို့ စောင့်နေရတဲ့ဘဝ ရောက်သွားတယ် မဟုတ်လား။ ဒါကို သဘောပေါက်ဖို့ လိုတယ်။ ကိုယ့်ကိုယ်ကိုယ် အရည်အချင်း ကျသွားမှန်းသိရင် အရည်အချင်း ပြန်တက်အောင်၊ အနေအထား ကျသွားမှန်းသိရင် အနေအထား ပြန်တက်အောင် လုပ်ရမယ်။ ကျတာနဲ့ တစ်ချက်တည်း ပြန်မခုန်နိုင်၊ မကြွနိုင်လို့ကတော့ ပြားပြားဝပ်သွားမှာ သေချာတယ်။

ဒီတော့ ၂၀၀၅–၀၆ ဘောလုံးရာသီမှာ အိုဝင် ဘာလုပ်သလဲ။ အင်္ဂလန်မြေကို ပြန်ပြီး ခြေချတယ်။ နယူးကာဆယ်လ်ယူနိုက်တက်

mgyoe.com

mgyoe.com

အိုဝင်

အသင်းမှာ ဝင်ကစားတယ်။ လူမှန် နေရာမှန် ပြန်ရလာတော့ ပရီးမီးယားလိဂ် ပွဲစဉ် (၁၇)၊ ဝက်စ်ဟမ်းနဲ့ နယူးကာဆယ်လ် အတွေ့မှာ အိုဝင်တစ်ယောက် သုံးဂိုးသွင်းပြီး ဟက်ထရစ်တောင် ရပါရောလား။ (ဒါတောင် အိုဝင် ပရီးမီးယားလိဂ်ပွဲကို ပြန်လာမယ်လုပ်တော့ ဟို အသင်း သွားရကောင်းနိုး၊ ဒီအသင်းသွားရကောင်းနိုးဖြစ်နေတုန်း ဒီ နှစ်မှ တန်းတက်လာတဲ့ ဝီဂန်အသင်းဥက္ကဋ္ဌက သူ့ကို ကမ်းလှမ်းသေးသတဲ့။ ငွေကြေး သိပ်မတတ်နိုင်တာကလည်းတစ်ကြောင်း၊ ခုမှ တန်းတက်အသင်းဆိုတော့ နာမည်မကြီးသေးတာကလည်း တစ်ကြောင်းမို့ အဲဒီအသင်းဆီ သူ မရောက်ခဲ့ဘူး။ လက်တွေ့မှာ ဝီဂန်က အသင်းကောင်းတစ်သင်း ဖြစ်နေတာမို့ အိုဝင် ဝီဂန်သာရောက်ခဲ့ရင် ခုထက် ပိုပြီးတောင် ပြောင်မြောက်လာနိုင်တယ်လို့အောက်မေ့တယ်။)

ဒါက တစ်ယောက်ချင်း အကျကနေ ပြန်တက်အောင်လုပ်တဲ့

mgyoe.com

mgyoe.com



သာမက။ ဒါ့အပြင် တစ်သင်းလုံး ကျနေတာကို ပြန်တက်အောင် လုပ်ရတာလည်း ရှိသေးတယ်။ ကစားကွင်းပြင်ပမှာ နည်းပြဆရာရဲ့ အစီအမံက အရေးကြီးသလို၊ ကစားကွင်းထဲ ရောက်ရင်တော့ အသင်းခေါင်းဆောင်ရဲ့ ဦးဆောင်မှုနဲ့ တစ်သင်းလုံး ကျားကုတ်ကျားခဲ စွမ်းဆောင်မှုက အရေးကြီးတယ်။

ဒီနေရာမှာ ၂၀၀၃–၂၀၀၄ ခုနှစ်အတွင်း အကျဘက်ရောက်လာတဲ့ လီဗားပူးလ်အသင်း ပြန်တက်လာအောင် လုပ်ခဲ့ရတာကို ကြည့်သင့်တယ်။ နည်းပြဆရာ ဘင်နီတက်ဇ် အစီအမံ ကောင်းသလို၊ အသင်းခေါင်းဆောင် စတီဗင်ဂျရတ် လုပ်ဆောင်ချက်ကောင်းလို့ အသင်းလိုက်ကျနေရာကနေ ၂၀၀၄–၂၀၀၅ ချန်ပီယံလိဂ်ဖလားရခဲ့တယ်။ ဒီနှစ် ၂၀၀၅–၂၀၀၆ ပရီးမီးယားလိဂ် ပြိုင်ပွဲတွေမှာဆိုရင်လည်း လီဗာပူးလ်အသင်းဟာ ရာသီအစက အောက်အဆင့် ရောက်နေရာကနေ တဖြည်း




စတီဗင် ဂျရတ်

mgyoe.com

mgyoe.com


ဖြည်းနဲ့ တတိယနေရာရောက်အောင် တက်လာတာတွေကို သက်သေပြလို့ရတယ်။ ဒီလို မဟုတ်ဘဲ ကျတဲ့ဒဏ်ကို မခံနိုင်လို့ဆိုပြီး ဂျရတ်တစ်ယောက် အိုဝင် ပြောင်းသလို တခြားအသင်းဆီ ပြောင်းသွားကြည့်ပါလား။ သူရော လီဗာပူးလ်အသင်းပါ ငါးပါးမှောက်ကုန်မှာ အမှန်ပဲ။

သဘောကတော့ ဘယ်သူမဆို လောကမှာ ကျင်လည်ရင် လောကဓံတရားနဲ့ မုချတွေ့ကြုံရမှာပဲ။ မြင့်တဲ့အလှည့်ရှိသလို နိမ့်တဲ့အလှည့် ရှိတယ်။ တက်တဲ့အလှည့်ရှိသလို ကျတဲ့အလှည့်လည်း ရှိတယ်။ ဒီတော့ မကျခင်ကတည်းက ကျရင် အကျသက်သာအောင်၊ ပြန်ခုန်ထနိုင်အောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ အသိနဲ့ သတိနဲ့ အောက်ခြေ အခင်းအကျင်းကို ကြိုပြီးကြည့်ထားဖို့ လိုတယ်။

ကျပြီဟေ့ဆိုရင်လည်း ကိုယ့်မှာ ခံနိုင်ရည် ဘယ်လောက်ရှိသလဲ၊ အပျက်နဲ့တွေ့တဲ့အခါ အပြုဘက်ရောက်အောင် ဘယ်လောက်တုံ့ပြန်နိုင်စွမ်း ရှိသလဲဆိုတာက စကားပြောတယ်။ အကျအရှုံးတစ်ခုခုနဲ့ ကြုံပြီဆို လူအတော်များများက စိတ်ပျက်သွားတတ်တယ်။ မပျက်နဲ့။ ကြံ့ကြံ့ခံပြီး ခုန်သာထလိုက်။ ပြီးရင် နည်းလမ်းရှာ၊ ရအောင် ပြန်တက်။ ရကိုရတယ်။

ပြန်မခုန်နိုင်၊ မကြွနိုင်လို့ကတော့ အိုဝင်ရော ဂျရတ်ပါ နှစ်ယောက်စလုံး ရွှံ့တုံးကို ဘောလုံးမှတ်လို့ မှားကန်ခဲ့တဲ့ အဖြစ်မျိုးနဲ့ ပက်ပင်းကြီးတိုးရုံ ရှိတော့မပေါ့။

■

mgyoe.com

mgyoe.com

## အလုပ်မဟုတ်တာကို အလုပ်လုပ်မနေပါနဲ့

အလုပ်မဟုတ်တာကို အလုပ် လုပ်နေရတာနဲ့
အလုပ် ဟုတ်တာဆို အလုပ်ကို မလုပ်ဖြစ်ကြတဲ့
လူကြောင်တွေ ဒီကမ္ဘာမှာ ဒုနဲ့ဒေး။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

## အလုပ်မဟုတ်တာကို အလုပ်လုပ်မနေပါနဲ့

*There is nothing so useless as doing efficiently that which should not be done at all.*

**Peter Drucker**

စကတည်းက လုပ်စရာကို မလိုတဲ့ဟာကို လိုလေသေးမရှိအောင် ဝီရိယ စိုက်လုပ်နေတာမျိုးလောက် အသုံးမကျတာ ဘာမှ မရှိဘူး။

**ပီတာ ဒရပ်ကာ**

အလားအလာရှိတဲ့ လူဆိုတာ အလုပ်မဟုတ်တာကို အချိန်ကုန်ခံပြီး အလုပ်လုပ်နေတတ်တဲ့ လူစားမျိုး မဖြစ်စေရဘူး။ လူဆိုတာ ငယ်တုန်းရွယ်တုန်းတော့ ဟိုဟာလုပ်ချင်၊ ဒီဟာလုပ်ချင်၊ ဟိုနေရာပါချင်၊ ဒီနေရာပါချင်နဲ့ စပ်စပ် စပ်စပ် လုပ်တတ်ကြတာပဲ။ ဒါပေမဲ့ အချိန်တန် အရွယ်ရောက်လာတာနဲ့အမျှ တစ်ခုခုကို ရွေးချယ်ပြီး ကျွမ်းကျင်အောင် လုပ်ရတယ်။ တတ်နိုင်ရင် အဲဒီတစ်ခုခုကို အသက်မွေးဝမ်းကျောင်း အဆင့်အထိ ရောက်သွားအောင် လုပ်ယူရတယ်။ ဒီလိုမဟုတ်ဘဲ မရေမရာ မပြတ်မသားလုပ်နေမယ်ဆိုရင် တဖြည်းဖြည်း ယောင်ခြောက်ဆယ် ဖြစ်လာတတ်တယ်။

mgyoe.com

mgyoe.com


တချို့ကျတော့ ယောင်တာမဟုတ်ဘဲ ကြောင်တာလည်း ရှိသေးတယ်။

အလုပ်မဟုတ်တာကို အလုပ်လုပ်နေရတာနဲ့ အလုပ်ဟုတ်တာဆို အလုပ်ကို မလုပ်ဖြစ်ကြတဲ့ လူကြောင်တွေ ဒီကမ္ဘာမှာ ဒုနဲ့ဒေး။ သူတို့ထဲမှာ အလုပ်မဟုတ်တာတွေကိုချည်း လုပ်နေကျလာလို့ အလုပ်ဟုတ်တာဆို ဘာမှန်းမသိတဲ့ လူတွေပါသလို၊ ဟုတ်တာကို သိပေမယ့် ဒါမျိုးကျ အချိန်ပေးလုပ်ရမှာ ဝန်လေးနေတဲ့လူတွေလည်း ပါတယ်။ ကြာတော့ဟုတ်တာဘာမှန်းမသိတဲ့ လူတွေက အချိန်ဖြုန်းနေတဲ့ လူတွေ ဖြစ်လာပြီး၊ ဟုတ်တာ ဘာမှန်းသိရက်နဲ့ မလုပ်တဲ့လူတွေက အချိန်ဆွဲနေတဲ့လူတွေ ဖြစ်လာကြတယ်။

ဒီနေရာမှာ ပီတာဒရပ်ကာ ဆိုချင်တဲ့ အဓိပ္ပာယ်ပေါ်လာတယ်။ ပီတာဒရပ်ကာက ဆိုင်မွန် ဖီးလစ်ဆိုသူ ပြုစုတဲ့ "အချိန်စီမံခန့်ခွဲမှု ၂၄/၇"စာအုပ် (၂၀၀၂ ခုနှစ်ထုတ်) မှာ အမှာစာရေးတယ်။ ဘဝမှာ အချိန်ကို စနစ်တကျစီမံခန့်ခွဲပြီး အလုပ်လုပ်နိုင်မှ ခေတ်သစ်လုပ်ငန်းကိုင်ငန်းတွေနဲ့ သဟဇာတဖြစ်ပြီး လုပ်ရည်ကိုင်ရည် တိုးတက်ထိရောက်မှာ ဖြစ်တဲ့အကြောင်းပြောရင်း မယောင်ရာ ဆီလူးမနေကြဖို့ အထက်က ရည်ညွှန်းခဲ့တဲ့စကားနဲ့ နိဂုံးချုပ်လိုက်တာ ဖြစ်တယ်။

ဟုတ်တယ်။ လူများ အသုံးမကျချင်လာရင် မဟုတ်က ဟုတ်ကကိုမှ တခုတ်တရနဲ့ တသသ လုပ်ချင်ကြတယ်။ ရှေးလူကြီးတွေပြောတဲ့ ထန်းပလပ်စုတ်ကို နတ်ရုပ်ထင်တယ်ဆိုတာ ဒါမျိုးပေါ့။ ဒီလိုနဲ့ ကာလတွေ၊ ဘဝတွေ အဟောသိကံ ဖြစ်ကြရတာ အနမတဂ္ဂ။

ပီတာ ဒရပ်ကာဆိုတဲ့ ပုဂ္ဂိုလ်ကတော့ ဘဝကို ဖြတ်သန်းတဲ့နေရာမှာ လက်တွေ့ကျတယ်။ မနေသင့်တဲ့အရပ်မှာ မနေဘူး၊ နေသင့်တဲ့အရပ်မှာ နေတယ်။ မလိုအပ်တာကို မလုပ်ဘူး။ လိုအပ်တာကို လုပ်

mgyoe.com

mgyoe.com


တယ်။ လုပ်သမှ နောက်လူတွေ လက်စွဲပြုရလောက်အောင် လုပ်တယ်။ သူ့အကြောင်း နည်းနည်းတော့ သိသင့်တယ်။

ပီတာဒရပ်ကာကို ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့မှာ ၁၉၀၉ ခု၊ နိုဝင်ဘာလ ၁၉ ရက်နေ့က မွေးဖွားတယ်။ (၁၁၊ ၁၁၊ ၂၀၀၅၊ အသက် ၉၆ နှစ် အရွယ်၊ အမေရိကန်ပြည်ထောင်စုမှာ ကွယ်လွန်တယ်။) စီမံခန့်ခွဲမှုဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တက္ကသိုလ်ပါမောက္ခ၊ စာရေးဆရာ၊ သတင်းစာဆရာ၊ ကျမ်းပြုဆရာအဖြစ် ပြောင်မြောက်တဲ့ စာတွေ၊ အလုပ်တွေ အမြောက်အမြား ရေးသားလုပ်ကိုင်သွားတဲ့ ကမ္ဘာကျော် ပုဂ္ဂိုလ်ဖြစ်တယ်။ ဂျာမနီနိုင်ငံ၊ ဖရန့်ခ်ဖတ် တက္ကသိုလ်က ဥပဒေပညာ ပါရဂူဘွဲ့ရပြီး၊ ပထမဦးဆုံး ဂျာမနီမှာ သတင်းစာဆရာ လုပ်တယ်။ ၁၉၃၃ ခုနှစ်၊ ဟစ်တလာ ဩဇာအရှိန်အဝါ တက်လာချိန်မှာ အင်္ဂလန်ကို ရှောင်တိမ်းလာတယ်။ အင်္ဂလန်မှာ ၁၉၃၇ ခုနှစ် အထိ အလုပ်လုပ်တယ်။ နောက်တော့ အမေရိကန်ပြည်ထောင်စုကို ထွက်ခဲ့ပြီး အဲဒီမှာ လုပ်ငန်းလာလုပ်နေတဲ့ ဗြိတိသျှဘဏ်တွေရဲ့ အကြံပေးအဖြစ်နဲ့ရော၊ ဗြိတိသျှသတင်းစာအချို့ရဲ့ နိုင်ငံခြားသတင်းထောက်အနေနဲ့ပါ လုပ်ကိုင်ခဲ့တယ်။ နောက်ပိုင်းမှာ အမေရိကန်နိုင်ငံသားအဖြစ် ခံယူပြီး နယူးယော့ခ် တက္ကသိုလ်မှာ ၁၉၅၀ ကနေ ၁၉၇၂ ခုနှစ်အထိ စီမံခန့်ခွဲမှုပညာ ပါမောက္ခအဖြစ် အမှုထမ်းခဲ့တယ်။ စီမံခန့်ခွဲမှုပညာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှာ ဒရပ်ကာဟာ ဦးဆောင်တဲ့ အခန်းကဏ္ဍက ပါဝင်ခဲ့သူဖြစ်တယ်။

ဘဝမှာ အလုပ်တွေ အများကြီး လုပ်လာခဲ့တဲ့ ဒရပ်ကာဟာ သူရေးသားပြောဟောခဲ့တာတွေရဲ့ အောင်မြင်မှု၊ ကျော်စောမှုကို မမက်မောဘူး။ အသားမယူဘူး။ သူ့ကိုယ်သူ ကျောင်းဆရာ၊ စာရေးဆရာတစ်ယောက်အဖြစ်နဲ့ပဲ ရိုးရိုးမှတ်မှတ် ခံယူတယ်။ "ကျုပ်က လူတော်

mgyoe.com

mgyoe.com


လူကောင်းတချို့ကို မှန်တာတွေ လုပ်တဲ့နေရာမှာ ပိုပြီး ထိရောက် အောင် ပြောခဲ့ရေးခဲ့တာပါ"လို့ တိုတိုရှင်းရှင်းပဲ ပြောခဲ့တယ်။

ဘာမဟုတ် ညာမဟုတ် အကြောင်းပြချက်တွေနဲ့ တင်းခံပြီး၊ အလုပ်မဖြစ်တဲ့ဘဝ မရောက်ရအောင် သူ လမ်းညွှန်ပြသွားတဲ့ ဖြစ်ရပ်တစ်ခု ရှိတယ်။ အဲဒါကတော့ သူ့နာမည်နဲ့ ဖွင့်ထားတဲ့ "ဒရပ်ကာကျောင်း"မှာ တစ်ချိန်က ကျောင်းသားတွေ များခဲ့ပေမယ့် နောက်ပိုင်း ကျောင်းသားလည်းနည်း၊ အလှူရှင်လည်း နည်းလာတယ်။ ဒီတော့ ကျောင်းအုပ်ချုပ်ရေးအဖွဲ့က ရှေ့ဆက်ရပ်တည်လို့ရအောင် ဂျပန်နိုင်ငံက အလှူရှင်အိုင်တိုနဲ့ ပေါင်းပြီး ကျောင်းနာမည်ကို "ဒရပ်ကာ အိုင်တိုကျောင်း"လို့ အမည်သစ်ပေးဖို့ စီစဉ်တယ်။ ဒါကို ဒရပ်ကာ့နာမည် မမေ့မိန်စေချင်သူတွေက ကျောင်းရှေ့လာပြီး ဆန္ဒပြကြတယ်။ အဲဒီဆန္ဒပြပွဲရှိရာ ဒရပ်ကာ ရောက်လာပြီး သူ့ဘက်က ရပ်တည်သူတွေကို ခုလို ပြောတယ်။

"ကျုပ် သေပြီး သုံးနှစ်ကြာရင် ကျုပ် နာမည်က ဘာမှ ဟုတ်တော့မှာ မဟုတ်ဘူး၊ အခုနေ ကျုပ်နာမည် ဖြုတ်လိုက်ရလို့ ခင်ဗျားတို့ ဒေါ်လာ ၁၀ သန်း ရတယ်ဆိုရင် အဲဒါ ခင်ဗျားတို့ လက်ထဲ ခွန်အားစွမ်းပကားတွေ ရောက်လာတာပဲ မဟုတ်လား" တဲ့။

တစ်ခါတလေ လူတွေမှာ နာမည်တို့၊ မျိုးရိုးတို့၊ အစဉ်အလာအရှိန်အဝါတို့ အစရှိတာတွေကို ခင်တွယ်မက်မောနေတာကြောင့် လက်ငင်းဘဝရဲ့ လိုအင်တွေ၊ စိန်ခေါ်အားစမ်းမှုတွေနဲ့ ကင်းကွာပြီး အလုပ်မတွင် ခရီးမရောက်နိုင်တာတွေ ရှိတယ်။ ဆင်ခြေဆင်လက်တွေ၊ အတွေးခေါင်မှု တွေဝေမှုတွေ၊ မာန အခုအခံတွေနဲ့ လုံးထွေးနေလို့ကတော့ ဘဝမှာ အောင်မြင်ပြီးမြောက်စရာ အကြောင်းမမြင်ဘူး။

mgyoe.com

mgyoe.com


စကားအလျဉ်းသင့်လို့ အရင်တစ်ပတ်က ရည်ညွှန်းခဲ့တဲ့ ဗိုလ်ချုပ် ကြီး ဂျော့ချ် အက်စ် ပက်တန် ပြောဖူးတဲ့စကား ပြန်သတိရမိတယ်။ ဒီလိုပါ။

"စစ်ဦးစီးတစ်ယောက်အဖို့ ခေါင်းဆောင်ကောင်းရအောင် ရွေးရတာဟာ အင်မတန် အရေးကြီးတဲ့ အလုပ်တစ်ခုပဲ။ ရွေးရမယ့်လူတွေကို တန်းစီခိုင်းပြီး ကျုပ်က ပြောလိုက်တယ်။ 'ငါ့လူတို့ ကုန်ရုံတစ်ဆယ်ရဲ့ နောက်ဘက်မှာ ကတုတ်ကျင်းတစ်ကျင်း တူးချင်တယ်၊ အရှည်ရှစ်ပေ၊ အကျယ်သုံးပေ၊ အနက် ခြောက်လက်မ ရှိတဲ့ ကတုတ်ကျင်း ဖြစ်ပစေ'

အရွေးခံမယ့်သူတွေ ကုန်ရုံထဲက ပစ္စည်းတွေ ထုတ်ပြီး စစ်ဆေးနေကြတုန်းမှာ သူတို့ကို မလှမ်းမကမ်းကနေ ကျုပ် အကဲခတ်ကြည့်တယ်။ ဘာကြောင့် ဒီလောက်တိမ်တဲ့ ကတုတ်ကျင်းကို ကျုပ်က တူးချင်ရတာလဲလို့ သူတို့ချင်း မေးကြတယ်။ ကျင်းအနက်က ခြောက်လက်မလောက်နဲ့ သေနတ်နေရာချလို့ ဖြစ်ပါ့မလား ဆိုပြီး ငြင်းတဲ့လူက ငြင်း၊ ဒီလိုကျင်းမျိုးက အားကောင်းတဲ့ ကိရိယာနဲ့တူးမှ ဖြစ်မှာပေါ့လို့ ညည်းတဲ့လူက ညည်းကြတယ်။ ကျင်းတူးမယ့်အရေး ပူသေးလို့၊ အေးလွန်းလို့နဲ့ တရှုံ့မဲ့မဲ့ လုပ်နေသူတွေလည်း ရှိတယ်။ အဲ... ဗိုလ်အဆင့်ရဲ့ အထက် ပုဂ္ဂိုလ်တွေက ဒီလောက်နိမ့်တဲ့ ကာယအလုပ်မျိုး သူတို့ကို မခိုင်းသင့်ပါဘူး၊ ဘာညာနဲ့ ဗျစ်တောက်ဗျစ်တောက် ဖြစ်နေကြတယ်။ နောက်ပိတ်ဆုံးမှာ တစ်ယောက်ကထပြီး အမိန့်သံပါပါ ပြောလိုက်တယ်။ 'အဲဒီကတုတ်ကို ဟိုငနာကြီးက ဘာကိစ္စ တူးခိုင်းတာလဲဆိုတာ သိတော့ ဘာအကြောင်းထူးမှာလဲ။ တူးစရာရှိတာ မြန်မြန်တူးကြ၊ ပြီးရင် သွားရုံပဲ"တဲ့။

အဲဒီလူကို ရာထူးပေးရမယ်။ လူရွေးမယ်ဆို အလုပ်ပြီးအောင်

mgyoe.com

mgyoe.com


လုပ်တတ်တဲ့လူမျိုးကိုသာရွေး”တဲ့။

အဲဒါ သစ္စာစကားပဲ။

အလုပ်မဟုတ်တာတွေနဲ့ ယောင်ဝါးဝါးလုပ်၊ ပေတွေရှည်၊ အချိန်တွေ ကုန်နေမယ့်အစား အလုပ်ဟုတ်တာတွေကို အချိန်တိုတိုနဲ့ ပြီးစီးအောင်လုပ်ကြည့်စမ်းပါလား...။

■

mgyoe.com

mgyoe.com

## ကိုယ်မလုပ်နိုင်ဘူးလို့ ထင်တဲ့ဟာကို လုပ်ဖြစ်အောင်သာ လုပ်

"ယောက်ျားတံခွန်၊ လူရည်ချွန်က၊ ကောင်းကင်တမွတ်၊ ကြယ်ကိုဆွတ်လည်း၊ မလွတ်စတမ်း ရမြဲလမ်း" ဆိုတာ တင်စားရုံ သက်သက် ဖွဲ့ထားတာ မဟုတ်ဘူး။ လူ့စိတ်ဓာတ်နဲ့ ခွန်အားစွမ်းအားကြောင့် ပြောင်မြောက်တဲ့ လုပ်ဆောင်ချက်တွေ ထွက်ပေါ်နိုင်တာကို လေးလေးစားစား အသိအမှတ်ပြုထားတာပါ။

mgyoe.com